ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ စနေနေ့၊ (26-11-2011) (၆၉၅)

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

## နိုင်ငံတော်သမ္မတ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဖတ်ကြား

နေပြည်တော် နိုဝင်ဘာ ၂၅

**ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၅၈၉)ဦးတို့ တက်ရောက်ကြသည်။**

ယနေ့အစည်းအဝေး၌ နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာများအား ဖတ်ကြားတင်ပြခြင်း၊ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူခြင်း၊ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်း၊ ပူးပေါင်းကော်မတီဝင် အစားထိုးခန့်အပ်ခြင်းနှင့် အစည်းအဝေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

### ဖတ်ကြားတင်ပြ

**နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာများအား ဖတ်ကြားတင်ပြခြင်းကဏ္ဍ**တွင် နိုင်ငံတော်သမ္မတက ပေးပို့လာသည့် ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းရေးနှင့် စပ်လျဉ်းသည့် သဝဏ်လွှာကို ပြည်ထောင်စုလွှတ်တော်နာယက က ဖတ်ကြားတင်ပြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့◆**



**ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်တွင်းနိုင်ငံခြားသတင်းထောက်များနှင့် ပြည်တွင်းဂျာနယ်သတင်းထောက်များအား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်တွင်း နိုင်ငံခြားသတင်းထောက်များနှင့် ပြည်တွင်းဂျာနယ်သတင်းထောက်များအား ယနေ့ မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် သတင်းထောက်များက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ပြည်သူ့လွှတ်တော်ကော်မတီဆိုင်ရာ၊ မီဒီယာကဏ္ဍဆိုင်ရာ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

(သတင်းစဉ်)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်တွင်း နိုင်ငံခြားသတင်းထောက်များနှင့် ပြည်တွင်းဂျာနယ်သတင်းထောက်များအား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၂၆-၁၁-၂၀၁၁[စနေနေ့]။

# ယနေ့သည် အနာဂတ်အတွက် မျှော်လင့်ချက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံကျသော အကြောင်းတရားများဖြစ်သည်။ ယနေ့ကာလသည် ခေတ်ပြောင်း၊ စနစ်ပြောင်းရန်အတွက် ကြိုးပမ်းနေသော ကာလဖြစ်သည်။ နိုင်ငံတော်၏ ရှေ့ခရီးသာယာဖြောင့်ဖြူးစေရန်အတွက် ခိုင်မာမှန်ကန်သည့် ခြေလှမ်းများ လှမ်းနေသည်ကို တွေ့ရသည်။

အခြေခံကျသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် နိုင်ငံတော်သမ္မတက လွှတ်တော်သို့ပေးအပ်ခဲ့သည့် ကတိကဝတ်များနှင့်အညီ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများအား ပြန်လည်သုံးသပ်လေ့လာကာ စီးပွားရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်ကလည်း အလုပ်နှင့်လက်တွေ့ သက်သေပြခဲ့သည်။ လွှတ်တော်အစည်းအဝေးများတွင် ပြည်သူ့ကိုယ်စားလှယ်များက စီးပွားရေးဆိုင်ရာမေးခွန်းများ မေးမြန်းခြင်း၊ ဥပဒေကြမ်းနှင့် အဆိုတင်သွင်းခြင်းများစွာတို့ကို ပြုလုပ်ခဲ့သည်။ သာဓကအားဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ ဥပဒေအချို့အား ရုပ်သိမ်းရန် အဆိုများတင်သွင်းသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ဥပဒေတို့ကို ဆွေးနွေးသည်။ သွင်းကုန်ထုတ်ကုန်လုပ်ငန်းများ၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများလည်း ပါဝင်သည်။ ထို့အပြင် အလွှာအသီးသီးမှ ပညာရှင်များက ထူးခြားသော စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် တိုးတက်သည့်အမြင်များဖြင့် နှီးနှောဖလှယ်ခဲ့ကြသည်။ ပွင့်လင်းမြင်သာသော အသိအမြင်များရခဲ့ကြသည်မှာ ယုံလောက်ဖွယ်မရှိချေ။

ပြီးခဲ့သည့် ဩဂုတ်လ ၂၂ ရက်က စတင်ကျင်းပခဲ့သော ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သုံးလကျော် ကာလအတွင်း ဥပဒေကြမ်းစုစုပေါင်း (၂၃)ခု၊ ဥပဒေအဖြစ်ထုတ်ပြန်ပြီး (၁၂)ခု၊ ထုတ်ပြန်ရန် ကျန်သည့်ဥပဒေ(၃)ခုနှင့် ဆောင်ရွက်ဆဲ ဥပဒေ (၈)ခုတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ ဆောင်ရွက်ခဲ့သော ဥပဒေများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သော ဥပဒေများသာဖြစ်သည်။ ထိုအထဲတွင် စီးပွားရေးဥပဒေများလည်း ပါဝင်သည်။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ၊ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် ကုန်သွယ်လုပ်ငန်းကင်းလွတ်ခွင့်ပြုသည့် အမိန့်ကြေညာချက်တို့သည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အထောက်အကူကောင်းများသာဖြစ်သည်။

ယနေ့ကာလတွင် စီးပွားရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများမှာ ထင်သာမြင်သာရှိလာခဲ့သည်။ တိုတောင်းသော အချိန်ကာလအတွင်း အားကြိုးမာန်တက်ဆောင်ရွက်မှုများမှာ အားတက်ဖွယ်ပင်ဖြစ်သည်။ ပြည်တွင်းပြည်ပမှ ထောက်ခံအားပေးမှုများကိုလည်း ကျယ်ကျယ်လောင်လောင် ကြားလာရသည်။ ရရှိထားသော အောင်မြင်မှုများကို ဆက်လက်အရှိန်အဟုန်မြှင့်နိုင်ရန်အတွက် ကြိုးပမ်းကြရဦးမည်။ လုပ်နည်းလုပ်ဟန်များ၊ ကြိုးနီစနစ်များ၊ တာဝန်ယူမှုကင်းမဲ့သော အဂတိလိုက်စားမှုများကိုလည်း ထိရောက်စွာ ဖယ်ရှားကြရမည်။

မိမိကံကြမ္မာသည် မိမိလက်တွင်သာရှိသည်ဟူသော ဆိုရိုးအတိုင်း ကျွန်ုပ်တို့ နိုင်ငံသူ နိုင်ငံသားအားလုံးက နိုင်ငံတော်၏ပြုပြင်ပြောင်းလဲ ဆောင်ရွက်ပေးနေသော ယနေ့အခြေအနေကာလကို လက်ဝယ်ပိုင်ပိုင်ဆုပ်ကိုင်ကာ အားကြိုးမာန်တက် ဆောင်ရွက်ကြရမည်။ ပေါင်းစပ်ညှိနှိုင်းမှု၊ တာဝန်သိမှု၊ တာဝန်ယူမှုများဖြင့် ကြိုးပမ်းကြရမည်။ ယနေ့သည် အနာဂတ်အတွက် မျှော်လင့်ချက်ရောင်ခြည်ဖြစ်သည်။ ယနေ့ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခြင်းသည် အနာဂတ်အတွက် အောင်မြင်မှုဖြစ်သည်။ ကံသည် အလုပ်ဖြစ်သည်။ အလုပ်မလုပ်ဘဲ မည်သည့်အရာမျှ ရလာမည်မဟုတ်ချေ။

လမ်းအို လမ်းဟောင်းမှ လမ်းသစ်ကို ရှာကြမည်။ လုပ်နိုင်ကိုင်နိုင်သော အခွင့်အလမ်းများ ရလာပြီ၊ စီးပွားရေးအတွက် အကူအညီများလည်း ပြန်လည်ရရှိဖို့ လမ်းစပွင့်လာပြီ။ ယခုငါးနှစ်တာကာလအတွင်း ကျွန်ုပ်တို့အားလုံးတက်ကြွသည့် အားမာန်၊ ခိုင်မာသည့် သန္နိဋ္ဌာန်၊ မှန်ကန်သည့် ခြေလှမ်းများဖြင့် လျှောက်လှမ်းနိုင်မှသာ အနာဂတ်နိုင်ငံတော်၏ ရှေ့ခရီး ဖြောင့်ဖြူးလာမည်။ နိုင်ငံတော်အနေဖြင့်လည်း မှန်ကန်သည့် စီးပွားရေးမူဝါဒများချမှတ်ကာ ပြုပြင်ပြောင်းလဲမှုများကို အားမြှင့်ဆောင်ရွက်နေပြီ ဖြစ်သည်။ လက်ရှိအရှိန်အဟုန်အတိုင်း ဆက်လက်ဆောင်ရွက်သွားကြမည်ဆိုလျှင် မြန်မာနိုင်ငံသည် လာမည့်ဆယ်စုနှစ်များတွင် အရှေ့တောင်အာရှ၏ စီးပွားရေးထိပ်တန်းနိုင်ငံဖြစ်လာလိမ့်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း အမှတ်စဉ်(၇၃) လေယာဉ်မောင်းသင်တန်း ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲ အခမ်းအနား တက်ရောက်

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း တပ်မတော်(လေ)၏ အမှတ်စဉ်(၇၃) လေယာဉ်မောင်းသင်တန်း သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)



**နေပြည်တော် နိုဝင်ဘာ ၂၅**

တပ်မတော်(လေ)၏ အမှတ်စဉ်(၇၃)လေယာဉ်မောင်းသင်တန်း သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း တက်ရောက် မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသောင်းအေး၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ရဲအောင်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုး၊ တပ်မတော်(လေ)နှင့် မိတ္ထီလာတပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများသည် စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြသည်။

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများသည် နိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ရောက်ရှိလာပြီး ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းအား အလေးပြုကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)က ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

ယင်းနောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(လေ)အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းသို့ တပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ် တပ်မတော်(လေ)မှ တိုက်ခိုက်ရေးရဟတ်ယာဉ်များ၊ ဂျက်တိုက်လေယာဉ်များက အုပ်စုဖွဲ့၍ ကာကွယ်ရေးဦးစီးချုပ်(လေ)အား ဝေဟင်မှ အလေးပြုပျံသန်းကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)က ကျောင်းဆင်းအရာရှိများအား လေသူရဲတောင်ပံများကို တစ်ဦးချင်းပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ)က အမှတ်စဉ်(၇၃)လေယာဉ်မောင်းသင်တန်းမှ စာပေထူးချွန်ဆုရ လေ ၃၂၂၁ ဗိုလ်ကြီး အောင်စည်သူဟိန်းအားလည်းကောင်း၊ လေယာဉ်မောင်းထူးချွန်ဆုရ လေ ၃၇၁၄ ဗိုလ် ပိုင်ဘိုဘိုထက်အားလည်းကောင်း၊ စံပြလေသူရဲဆုရ လေ ၃၇၃၈ ဗိုလ် ဟန်မင်းနိုင်အားလည်းကောင်း ထူးချွန်ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ)သည် ဝေဟင်မှ အုပ်စုဖွဲ့၍ ပျံသန်းခဲ့ကြသည့် ဂျက်တိုက်လေယာဉ်နှင့် တိုက်ခိုက်ရေးရဟတ်ယာဉ် လေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်ပြီး ကျောင်းဆင်းအရာရှိများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နည်းပညာတက္ကသိုလ်(သန်လျင်) ဓာတုအင်ဂျင်နီယာမိသားစု ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

နည်းပညာတက္ကသိုလ်(သန်လျင်) ဓာတုအင်ဂျင်နီယာဌာနတွင် ၁၉၉၈ ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ ပညာသင်ကြားပို့ချပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ Excel Tower (၁၀ထပ်)ရှိ Crystal Jade Hall ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပါသဖြင့် ၎င်းကျောင်းတွင် တက်ရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်ဆုံတွေ့ကြပြီး ကျေးဇူးရှင်မြတ်ဆရာတို့ကို ကြွရောက် ပူဇော်ကန်တော့ကြရန် မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

# နိုင်ငံခြားသားခရီးသွား တိုးတက်မြင့်မားလာမှုနှင့်အတူ အဆင့်မီ ဝန်ဆောင်မှုပေးနိုင်သည့် ဟိုတယ်နှင့် သယ်ယူပို့ဆောင်ရေးယာဉ်များလည်း လိုအပ်နေ

**ရန်ကုန် နိုဝင်ဘာ ၂၅**

၂၀၀၉ ခုနှစ်မှစ၍ ပြန်လည်မြင့်တက်လာခဲ့သော မြန်မာနိုင်ငံသို့ နိုင်ငံခြားသားဧည့်သည်လာရောက်လည်ပတ်မှုမှာ ယခုနှစ်ဘဏ္ဍာရေးနှစ်တွင်လည်း ဆက်လက်မြင့်တက်လာခဲ့ပြီး လာမည့်နှစ်များတွင် ပိုမိုမြင့်တက်လာဦးမည်ဟု ခရီးသွားလုပ်ငန်းဌာနများက ခန့်မှန်းထားကြသည်။

နိုင်ငံခြားသားဧည့်သည်များ စိတ်ဝင်တစားလာရောက်လည်ပတ်မှု ဆက်လက်မြင့်တက်လာဦးမည့် အလားအလာများနှင့်အတူ ဧည့်သည်များအား အဆင့်မီဝန်ဆောင်မှုပေးနိုင်မည့် ဟိုတယ်များ၊ တည်းခိုခန်းများ၊ စားသောက်ဆိုင်များအပြင် ဧည့်သည်များကို သယ်ယူပို့ဆောင်ပေးနိုင်သည့် အဆင့်မြင့် သယ်ယူပို့ဆောင်ရေးယာဉ်များလည်း အများအပြားလိုအပ်နေသေးသည်ဟု ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည့် ဌာနများနှင့် ဧည့်လမ်းညွှန်များက သုံးသပ်ကြသည်။

လက်ရှိအချိန်ကာလ ခရီးသွားများပြားသည့် ရာသီတွင် ယခင်နှစ်ကထက် ခရီးသွားဝင်ရောက်မှု ၃၀ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ပြီး တောင်ကြီး၊ အင်းလေး၊ မန္တလေး၊ ပုဂံဒေသများသို့ ခရီးသွားဝင်ရောက်မှု သိသိသာသာ တိုးမြင့်ခဲ့သည်ဟု သိရသည်။ ခရီးသွားဧည့်သည် တိုးမြင့်လာသည်နှင့်အမျှ နိုင်ငံခြားသားဧည့်သည်များအတွက် ဟိုတယ်ငှားရမ်းမှုအခက်အခဲ၊ မော်တော်ယာဉ်ငှားရမ်းမှုအခက်အခဲများလည်း ကြုံတွေ့ရလျက်ရှိသည်ဟု သိရှိရသည်။

မြန်မာနိုင်ငံတွင် ဟိုတယ်အလုံးပေါင်း ၆၉၁ လုံးသာရှိနေပြီး အခန်းပေါင်း ၂၇၀၀၀ ကျော်သာ ရှိနေသေးသဖြင့် လာမည့်နှစ်များအတွင်း ခရီးသွားတိုးမြင့်လာမှုအပေါ် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန်လိုအပ်သည်ဟု သိရသည်။ အထူးသဖြင့် အဓိကဝင်ပေါက်၊ ထွက်ပေါက်ဖြစ်သော ရန်ကုန်မြို့၊ ခရီးသွားများပြားသည့် တောင်ကြီး၊ အင်းလေး၊ ပုဂံ၊ မန္တလေးမြို့တို့တွင် အဆင့်မြင့်ဟိုတယ်များ ထပ်မံဖြည့်တင်းရန် လိုအပ်နေသည်ဟုသိရသည်။ ကျောက်မျက်ရတနာပြပွဲ ကျင်းပခဲ့သော နေပြည်တော်တွင်လည်း ပွဲတော်ရက်များအတွင်း ဟိုတယ်အခန်း မလုံလောက်မှုများရှိနေရာ ဆောင်ရွက်ဆဲ ဟိုတယ်ဇုန်စီမံကိန်းများ ပြီးစီးရန်နှင့် လာမည့် ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက်လည်း ဟိုတယ်များ၊ အခန်းများ၊ အဆင့်မြင့်ယာဉ်များ ကြိုတင်ပြင်ဆင်ဖြည့်ဆည်းထားရန်လည်း လိုအပ်နေသည်ဟု ကျွမ်းကျင်သူများက သုံးသပ်ဝေဖန်ကြသည်။

မြန်မာနိုင်ငံသို့ ပြီးခဲ့သည့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြားသားဧည့်သည်လာရောက်မှုမှာ ရန်ကုန်၊ မန္တလေးနှင့် နယ်စပ်ဂိတ်များမှ စုစုပေါင်း ဧည့်သည်ရှစ်သိန်းခန့် ဝင်ရောက်ခဲ့သည်ဟု သိရသည်။ ယခုနှစ်တွင် ယခင်နှစ်ကထက် ၃၀ ရာခိုင်နှုန်းကျော်မြင့်တက်လာခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁ ဒသမ ၃ သန်းခန့်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဧည့်သည် ၂ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဧည့်သည် ၂ ဒသမ ၅ သန်းခန့် ဝင်ရောက်လာရန် အလားအလာများရှိနေသည်ဟု တာဝန်ရှိသူများက ခန့်မှန်းထားကြပြီး တိုးမြင့်လာမည့် ခရီးသွားဧည့်သည်များအား အပြည့်အဝ ဝန်ဆောင်မှုပေးနိုင်ရန်နှင့် ခရီးသွားကဏ္ဍမှ နိုင်ငံခြားဝင်ငွေ အမြောက်အမြား ရှာဖွေနိုင်ရန်အတွက် အဆင့်မီဝန်ဆောင်မှုပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် လိုအပ်လျက်ရှိသည်။ နယ်စပ်ဝင်ပေါက်များမှ ရောက်ပြီး ဘုရားဖူးဧည့်သည်များသာမက ရက်ရှည်နေထိုင်၍ မြန်မာနိုင်ငံအနှံ့သွားရောက်လည်ပတ်မည့် နိုင်ငံခြားသားဧည့်သည်များအား အပြည့်အဝ ဝန်ဆောင်မှုပေးခြင်းဖြင့် နိုင်ငံခြားဝင်ငွေ အမှန်တကယ် ရရှိနိုင်မည်ဟု ကျွမ်းကျင်သူများက သုံးသပ်သည်။ ထို့ကြောင့် အဆင့်မီဟိုတယ်၊ စားသောက်ဆိုင်နှင့် မော်တော်ယာဉ်များ၊ အဆင့်မီတက္ကစီများသာမက သန့်စင်ခန်းများလည်း လိုအပ်ချက်ရှိသည်ဟု သိရသည်။ ။ **(ဆုနှင်းလဲ့)**

**စာပေ မြင့်မှ လူမျိုး တင့်မည်**

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၅-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၄၂၄၉ | ၀. ၀၃၁၈၂ |
| တရုတ် (ယွမ်) | ၆. ၃၈၃၂၀ | ၀. ၁၅၆၆၆ |
| အိန္ဒိယ (ရူပီး) | ၅၂. ၂၅၀၀ | ၀. ၀၁၉၁၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၉၇၆၀ | ၀. ၃၁၂၇၃ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၃၁၂၆၀ | ၀. ၇၆၁၈၄ |
| ဂျပန် (ယန်း) | ၇၇. ၅၄၁၂ | ၀. ၀၁၂၉၀ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၆၃. ၆၀ | ၀. ၀၀၀၈၆ |
| ယူရို | ၀. ၇၅၅၉၂ | ၁. ၃၂၂၉၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၆၇၁ | ၁. ၅၄၆၃၀ |

အင်တာနက်။



# သင်တန်းမှ သင်ကြားတတ်မြောက်ထားမှုများကို မိမိဒေသများသို့ရောက်ရှိသည့်အခါ ထပ်မံဆင့်ပွားသင်တန်းပို့ချခြင်းများ အကျိုးရှိစွာပြန်လည်အသုံးချရန် လိုအပ်

ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးလွန်းမောင် အစိုးရငွေစာရင်းထားနည်း သင်တန်းဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၂၅**

အစိုးရငွေစာရင်းထားနည်း သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးလွန်းမောင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအနက် တစ်ခုမှာ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှစပြီး ပြည်ထောင်စုအစိုးရအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအတွက် တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် သီးခြားစီခွဲထုတ်ကျင့်သုံးမှုဖြစ်ကြောင်း၊ ယင်းသို့ ပြုပြင်ပြောင်းလဲမှုကြောင့် တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော တိုင်းဒေသကြီး/ပြည်နယ်ရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသရုံးများအနေဖြင့် မိမိရုံးအပါအဝင် မိမိလက်အောက်ရှိ အခြေခံစာရင်းပြုဌာနများအတွက် ငွေစာရင်းလချုပ်များ၊ နှစ်ချုပ်များကိုပါ လက်တွေ့ရေးဆွဲကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ရေးဆွဲရာတွင် ချောမောလွယ်ကူစွာ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ပြီး စာတွေ့၊ လက်တွေ့သင်ကြားပို့ချခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းမှ သင်ကြား တတ်မြောက်ထားမှုများကို မိမိဒေသများသို့ ရောက်ရှိသည့်အခါ မိမိဝန်ထမ်းများအား သင်တန်းဆင့်ပွားပို့ချခြင်း၊ လုပ်ငန်းခွင်သင်ကြားပို့ချခြင်းနှင့် အခြားအစိုးရဝန်ထမ်းများအား ထပ်မံဆင့်ပွား သင်တန်းပို့ချခြင်းများ အကျိုးရှိစွာ ပြန်လည်အသုံးချရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းများအတွက် ရည်ရွယ်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ကွန်ပျူတာသုံး အစိုးရငွေစာရင်းထားနည်း သင်တန်းကို ဩဂုတ်လနှင့် အောက်တိုဘာလများတွင် နှစ်ကြိမ် ဖွင့်လှစ်ပို့ချခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စာရင်းကိုင်(၂) လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၁/၂၀၁၁)ဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့(ရုံးချုပ်)သင်တန်းခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းထူးချွန်ဆု ရရှိကြသူများအား ဆုများချီးမြှင့်သည်။**(ယာပုံ)**

အဆိုပါသင်တန်းသို့ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ရန်ကုန်အခြေစိုက်ဓာတ်အားပေးစက်ရုံများမှ သင်တန်းသား၊ သင်တန်းသူ ၆၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၂၆-၁၁-၂၀၁၁ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
- ၇း၂၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၅။ မြန်မာ့ရှုခင်း
- ၇း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ ဇာတ်လမ်းတို
- ၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

- ၁၁း၁၀ ၁။ နိုင်ငံတော်သီချင်း
- ၁၁း၁၅ ၂။ အဖွင့်သီချင်း
- ၁၁း၂၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၇)
- ၁၂း၀၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -မွေးနေ့လက်ဆောင် (မြင့်မြတ်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ ခင်လေးနွယ်နှင့်သရုပ်ဆောင်များ) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
- ၂း၀၀ ၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၃၆)**

**ညပိုင်း**

- ၄း၀၃ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၆ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄း၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၅၀ ၇။ ကုန်သွယ်သုတ
- ၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ စားဖိုဆောင်ချစ်သူ
- ၆း၄၀ ၁၃။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၇၃)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ လူရွှင်တော်စတား
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အမှတ်တရ နေ့ရက်လေးများ (အပိုင်း-၁၃)**
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၉၈)**

## ဇီဝမျိုးစုံ မျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# မွန်ပြည်နယ် အခြေခံပညာကျောင်းသား အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၁၁-၂၀၁၂ ပညာသင်နှစ် မွန်ပြည်နယ်အခြေခံပညာ ကျောင်းသားအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် ညနေ ၃ နာရီတွင် မော်လမြိုင်မြို့ ရာမညအားကစားပြိုင်ကွင်း၌ကျင်းပသည်။

အစီအစဉ်အရ ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ် မူလတန်းအဆင့် အမျိုးသမီး မီတာ ၅၀၊ အမျိုးသား မီတာ ၁၀၀၊ အမျိုးသမီးအကြီးတန်း မီတာ ၁၀၀၊ အမျိုးသားအကြီးတန်း မီတာ ၂၀၀ အပြေးပြိုင်ပွဲများကို ကျင်းပသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနားကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ချီတက်အလေးပြုအကောင်းဆုံး ပထမဆုရ သံဖြူဇရပ်မြို့နယ်၊ ဒုတိယဆုရ ရေးမြို့နယ်နှင့် တတိယဆုရ မုဒုံမြို့နယ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မူလတန်းအဆင့် အမျိုးသမီး မီတာ၅၀၊ အမျိုးသား မီတာ ၁၀၀၊ အမျိုးသမီးအကြီးတန်း မီတာ ၁၀၀၊ အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ် ပညာရေးမှူးတို့က ဆုများချီးမြှင့်ကြသည်။

ထို့နောက် အသက်(၁၆)နှစ်အောက် အကြီးတန်းဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ် မော်လမြိုင်မြို့နယ်အသင်းနှင့် ရေးမြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

# နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားနှင့် စေတနာအမှန်ကိုသိမြင်၍ တောတွင်းလက်နက်ကိုင်အဖွဲ့များ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၅**

နိုင်ငံတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဆက်လက်လျှောက်လှမ်းနေခြင်း၊ တပ်မတော်အနေဖြင့်လည်း အဓိကလုပ်ငန်းတာဝန်ဖြစ်သော နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်သောဒေသများ၌ ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်တို့၏ သဘောထားအမှန်ကို သိမြင်လာကြသော သောင်းကျန်းသူအဖွဲ့ဝင်များသည် ယခင်က ၎င်းတို့ခေါင်းဆောင်များ၏ စေခိုင်းချက်အရ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ဒေသခံပြည်သူလူထုများထံမှ ငွေကြေးများအတင်းအဓမ္မတောင်းခံခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း၊ တရားမဝင်မူးယစ်ဆေးဝါးများ ရောင်းဝယ်မှုပြုလုပ်ခြင်း၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့် အဖျက်အမှောင့်လုပ်ငန်းမျိုးစုံအား လုပ်ကိုင်လာခဲ့ရာမှ ယခုအခါ မှားယွင်းသည့် ၎င်းတို့၏ လုပ်ရပ်များအပေါ် နားလည်သဘောပေါက်လာပြီး နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ ရင်ခွင်သို့ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိသည်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း အောက်တိုဘာ ၂၅ ရက်တွင် ကေအိုင်အေ(ကချင်)အဖွဲ့မှ ဒုတိုက်နယ်မှူးအဆင့်ရှိ အိုက်စံသည်လည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် ဗိုလ်ကြီးအဆင့်ရှိ ထက်ကယ်(ခ)အိုက်လီသည် အမ်-၂၂ သေနတ် တစ်လက်၊ ကျည် ငါးတောင့်၊ ဒုတပ်ခွဲမှူးအဆင့်ရှိ ဆန်နူတ်သည် အမ်-၂၁ သေနတ်တစ်လက်၊ ကျည် ငါးတောင့်၊ တပ်ကြပ်အဆင့်ရှိ ကော်လာသည် အမ် -၂၁ သေနတ် တစ်လက်၊ ကျည် ငါးတောင့်တို့ဖြင့်လည်းကောင်း၊ နိုဝင်ဘာ ၂၂ ရက်တွင် ကေအိုင်အေ (ကချင်)အဖွဲ့မှ တပ်သားအဆင့်ရှိ ဟုန်ရှင်းကွမ်သည် အမ်-၂၂ သေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည် ငါးတောင့်၊ ပွိုင့် ၃၈ ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ကျည် လေးတောင့်၊ တရုတ်လက်ပစ်ဗုံး တစ်လုံး၊ တပ်သားအဆင့်ရှိ ရင်ကွယ်ရှွင်သည် အမ်-၂၂ သေနတ် တစ်လက်၊ ကျည်အိမ် တစ်ခု၊ ကျည် ငါးတောင့်၊ တရုတ်လက်ပစ်ဗုံး တစ်လုံးတို့ဖြင့်လည်းကောင်း လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့သူများအား နယ်မြေခံတပ်မှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာကြိုဆိုကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။

(ခ) ကြိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။

(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။

(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

# မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး အလွတ်တန်းဘိုးလင်းပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပမည့် ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး အလွတ်တန်း ဘိုးလင်းပြိုင်ပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၄ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် Right Track Bowling Centre အားကစားခန်းမပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

**ချီးမြှင့်မည်**

ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး တစ်ဦးလျှင်(၆)ဂိမ်းယှဉ်ပြိုင်ခွင့်ရှိကာ ဆုကြေးငွေကို ပထမဆုငွေကျပ် ၁၅၀၀၀၀၊ ဒုတိယဆုငွေကျပ် တစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသောင်းစီ ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံသားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲမှ ထူးချွန်သော အားကစားသမားများအား ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထူးချွန်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ရွေးချယ်စခန်းသွင်း လေ့ကျင့်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



၂၀၁၂ ခုနှစ် ရုရှားသမ္မတ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လက်ရှိဝန်ကြီးချုပ် ဗလာဒီမာပူတင်

# ရုရှားသမ္မတရွေးကောက်ပွဲ ၂၀၁၂ မတ် ၄ ရက်တွင် ကျင်းပရန်ရှိ

**မော်စကို နိုဝင်ဘာ ၂၅**

ရုရှားနိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို ၂၀၁၂ ခုနှစ် မတ် ၄ ရက်၌ ကျင်းပရန် ရုရှားပါလီမန် အထက်လွှတ်တော်က ရက်သတ်မှတ်ခဲ့ကြောင်း နိုဝင်ဘာ ၂၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

**စတင်တော့မည်**

လက်ရှိ ဥပဒေများအရ ရွေးကောက်ပွဲ အကြိုလှုပ်ရှားမှုများအား စတင်ရတော့မည်ဖြစ်ကြောင်း ရုရှား ဒေသန္တရသတင်းအေဂျင်စီများက ဖော်ပြထားသည်။

လေ့လာသူများ၏ အဆိုအရ လက်ရှိ ဝန်ကြီးချုပ် ဗလာဒီမာပူတင်သည် ရုရှားသမ္မတအဖြစ် ရွေးကောက်ခံရရန် အလားအလာကောင်းကြောင်း သိရသည်။

**သက်တမ်းနှစ်ကြိမ်**

ရုရှားသမ္မတအဖြစ် သက်တမ်း နှစ်ကြိမ် ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဗလာဒီမာပူတင်သည် ရုရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တတိယအကြိမ် ရွေးကောက်ခံပိုင်ခွင့် မရှိသောကြောင့် ၂၀၀၈ ခုနှစ် ရုရှားသမ္မတ ရွေးကောက်ပွဲ၌ ပါဝင်နိုင်ခဲ့ခြင်းမရှိပေ။

၂၀၀၈ ခုနှစ် ရုရှားသမ္မတ ရွေးကောက်ပွဲ၌ လက်ရှိသမ္မတ ဒီမီထရီ မက်ဗီဒက်ဗ် အနိုင်ရရှိခဲ့ပြီး ဗလာဒီမာပူတင်က ဝန်ကြီးချုပ် တာဝန်ဝတ္တရားများကို ထမ်းဆောင်ခဲ့သည်။

**ခြောက်နှစ်သက်တမ်း**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်အရ ရုရှားနိုင်ငံ၏ သမ္မတရာထူးသက်တမ်းကို လေးနှစ်မှ ခြောက်နှစ်အထိ တိုးမြှင့်ထားရာ ယခုရွေးကောက်ပွဲ၌ ဝန်ကြီးချုပ် ဗလာဒီမာပူတင် အနိုင်ရခဲ့ပါက ရုရှားသမ္မတ ရာထူးနေရာတွင် အရှည်သဖြင့် တာဝန်ထမ်းဆောင်ရနိုင်ဖွယ်ရှိသည်။

***အင်တာနက်။***

# ဒုံးလက်နက်ကာကွယ်ရေးဆွေးနွေးပွဲ ပျက်ပြားပါက ရုရှားနိုင်ငံက ဒုံးလက်နက်များ ဖြန့်ကြက်ဖွယ်ရှိ

**မော်စကို နိုဝင်ဘာ ၂၅**

ရုရှားနှင့် အမေရိကန်နိုင်ငံတို့၏ ဒုံးလက်နက်ကာကွယ်ရေးဆွေးနွေးပွဲ ပျက်ပြား သွားမည်ဆိုပါက အမေရိကန်က ကျောထောက်နောက်ခံပြုပေးထားသည့် ဥရောပ ဒုံးလက်နက် ကာကွယ်ရေးအစီအစဉ်၌ ပါဝင်သောနိုင်ငံများအား ချိန်ရွယ်ထားသော ဒုံးလက်နက်များကို ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်အား ကိုးကားလျက် သတင်းဌာနများက နိုဝင်ဘာ ၂၅ရက်တွင် သတင်းထုတ်ပြန် သည်။

**- ဖြန့်ကြက်သွားမည် -**

ဒုံးလက်နက်ကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲ၌ သဘောတူညီမှုမရပါက ဥရောပ၌ ဖြန့်ကြက်လျက်ရှိသော အမေရိကန်ဒုံးခွင်းဒုံးများနှင့် ရေဒါစနစ်များကို တန်ပြန်နိုင်ရန် မိမိတို့က ထိုးစစ်ဆင်တိုက်ခိုက်နိုင်သော ဒုံးလက်နက်များကို ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း ရုရှားသမ္မတက ပြောကြားသည်။

အမေရိကန်၏ ဒုံးခွင်းဒုံးကာကွယ်ရေးကွန်ရက်၌ပါဝင်သော ဥရောပနိုင်ငံများအား ပစ်မှတ်ထားမည့် ဒုံးလက်နက်များကို ရုရှားနိုင်ငံတောင်ပိုင်းနှင့် အနောက်ပိုင်းတို့၌ ဖြန့်ကြက်သွားရဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။

**အင်တာနက်။**



ရုရှားနိုင်ငံ၏ မဟာဗျူဟာမြောက် ဒုံးလက်နက်တင် စစ်ယာဉ်တစ်စီးကို တွေ့ရစဉ်။

# နျူကလီးယား စွန့်ပစ်ပစ္စည်းတင်ရထား ပြင်သစ်မှ ဂျာမနီသို့ရောက်ရှိ

ဒန်နင်ဘတ်ဂ် နိုဝင်ဘာ ၂၅

**ပြင်သစ်နိုင်ငံ၌ ပြန်လည်သန့်စင်ပြီးဖြစ်သည့် နျူကလီးယားစွန့်ပစ်ပစ္စည်းများ တင်ဆောင်လာသော ရထားသည် ဂျာမနီနိုင်ငံအတွင်း သောကြာနေ့က ဝင်ရောက်လာပြီဖြစ်ရာ ကန့်ကွက်မှုများနှင့် ရင်ဆိုင်နေရကြောင်း သတင်းများတွင် ဖော်ပြထားသည်။**

အဆိုပါ နျူကလီးယားစွန့်ပစ်ပစ္စည်းများအား ထားရှိမည့် ဂျာမနီနိုင်ငံမြောက်ပိုင်းရှိ သိုလှောင်ရုံအဆောက်အအုံသည် လုံခြုံမှုအပြည့်အဝမရှိကြောင်း နျူကလီးယား ဖျက်သိမ်းရေး လှုပ်ရှားသူများက ပြောကြားကြသည်။

ယခုရထားဖြင့် တင်ဆောင်လာသော နျူကလီးယား စွန့်ပစ်ပစ္စည်းများသည် ၂၀၂၂ ခုနှစ်၌ ၎င်း၏နျူကလီးယားဓာတ်အားပေးစက်ရုံအားလုံးအား ပိတ်သိမ်းရန် ဂျာမနီအစိုးရက ဆုံးဖြတ်ခဲ့ပြီးနောက်ပိုင်း ပြင်သစ်နိုင်ငံမှ ဂျာမနီနိုင်ငံသို့ ပထမဆုံးတင်ပို့ခဲ့သည့် နျူကလီးယားစွန့်ပစ်ပစ္စည်းများဖြစ်သည်။

ဂျာမနီနိုင်ငံအနောက်ပိုင်း ဂေါ်လီဘင်းဒေသရှိ နျူကလီးယား စွန့်ပစ်ပစ္စည်း သိုလှောင်ရုံ၏ လုံခြုံရေးအခြေအနေနှင့် ပတ်သက်၍ အငြင်းပွားဖွယ်များရှိနေခြင်းကြောင့် နျူစွန့်ပစ်ပစ္စည်းများအား မည်သည့်နေရာ၌ အမြဲတမ်းသိုလှောင်ထားရှိရမည်ဟူသော ပြဿနာကို ဂျာမနီ တာဝန်ရှိသူများက ဖြေရှင်းရန် ကြိုးပမ်းနေရဆဲ ဖြစ်သည်။

ဂျာမနီနိုင်ငံ၌ သိုလှောင်ရမည့် နျူကလီးယား စွန့်ပစ်ပစ္စည်းများ တင်ဆောင်လာသော ရထား၏လုံခြုံရေးအတွက် ဂျာမန်လုံခြုံရေးဝန်ထမ်း ၂၀၀၀၀ ကျော်တို့က တာဝန်ယူထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။

***အင်တာနက်။***



**နျူကလီးယားစွန့်ပစ်ပစ္စည်းတင်ဆောင်လာသည့် ပြင်သစ်ရထား ဂျာမနီနိုင်ငံအတွင်း ခုတ်မောင်းဝင်ရောက်လာသည်ကို တွေ့ရစဉ်။**



# ဩစတြေးလျား၌ အပူချိန်မြင့်တက်မှု၏ အကျိုးဆက် နှင်းလျှောစီးစခန်းလုပ်ငန်းရှင်များ ရတက်မအေး

**ဗီယင်နာ နိုဝင်ဘာ ၂၅**

ဩစတြေးလျားနိုင်ငံ၌ အပူချိန်မြင့်တက်မှုကြောင့် နာမည်ကျော် နှင်းလျှောစီးအပန်းဖြေစခန်းများ၌ ဆီးနှင်းခဲပြင်လွှာများဖွဲ့စည်းမှုမရှိဘဲဖြစ်နေကြောင်း၊ နှင်းလျှောစီးရာသီ နီးကပ်လာနေချိန်တွင် ယင်းအခြေအနေမှာ နှင်းလျှောစီးအပန်းဖြေလုပ်ငန်းလုပ်ကိုင်သူများအတွက် ရတက်မအေးစရာဖြစ်ရကြောင်း တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၂၄ရက်တွင် ပြောကြားသည်။

ဩစတြေးလျားနိုင်ငံရှိ တီရိုးလ်နှင့် ဆယ်လ်ဘတ်ဂ် နှင်းလျှောစီးအပန်းဖြေ စခန်းများ၌ အပူချိန်မြင့်တက်မှု၏ အကျိုးဆက်အဖြစ် ဆီးနှင်းခဲပြင်လွှာဖွဲ့စည်းမှု နည်းပါးနေကြောင်း နှင်းလျှောစီးအပန်းဖြေစခန်းလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဩစတြေးလျားနိုင်ငံရှိ အယ်လ်ပ်တောင်တန်း၌ အပူချိန် ၁၀ ဒီဂရီဆဲလ်စီးယပ်စ်အထက် မြင့်တက်နေမှုကြောင့် ၃၁ရက်ကြာမျှ ဆီးနှင်းပွင့်ကိုမတွေ့ရကြောင်း ၎င်းက ပြောကြားသည်။

**အင်တာနက်။**

# မူးယစ်ဆေးဝါးဆိုင်ရာဥပဒေကြမ်း ကမ္ဘောဒီးယားလွှတ်တော်အတည်ပြု

**ဖနောင်ပင် နိုဝင်ဘာ ၂၅**

မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ဥပဒေကြမ်းကို ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်က နိုဝင်ဘာ ၂၅ ရက်တွင် အတည်ပြုပေးလိုက်ကြောင်းဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အဆိုပါ ဥပဒေကြမ်းသည် ကမ္ဘောဒီးယားနိုင်ငံ၌ မူးယစ်ဆေးဝါးဥပဒေမဲ့ သယ်ဆောင်မှု တိုက်ဖျက်ရေးလုပ်ငန်းများ ထိရောက်လာစေရန် ရည်ရွယ်ကြောင်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အမျိုးသားအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ကီကင်ယန်းက ပြောကြားသည်။

ပါလီမန်ရှိ အမတ် ၇၉ ဦးတို့အနက် အစည်းအဝေးသို့ တက်ရောက်လာသော အမတ် ၇၈ ဦးတို့က ယင်းဥပဒေကြမ်းကို ထောက်ခံခဲ့ကြသည်။

၁၉၉၇ခုနှစ် ဇန်နဝါရီလကထုတ်ပြန်ခဲ့သော ဥပဒေဟောင်း၏နေရာတွင် ဥပဒေသစ်ဖြင့် အစားထိုးနိုင်ရန် ပါလီမန်က ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဥပဒေသစ်အရ မူးယစ်ဆေးဝါးမှောင်ခိုသူများကို ထိရောက်သော ပြစ်ဒဏ်ချမှတ်မည်ဟု ၎င်းကပြောကြားသည်။ **ဆင်ဟွာ။**



**ယာယီခိုလှုံရေးစခန်းသို့ ခွေးများကို မော်တော်ဘုတ်များဖြင့် ရွှေ့ပြောင်းပေးစဉ်။**

# ရေဘေးဒုက္ခသည် ခွေးများကို ခိုလှုံရေးစခန်းသို့ ပို့ဆောင်ပေးခဲ့

**ဗန်ကောက် နိုဝင်ဘာ ၂၅**

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်၌ မကြာသေးမီက ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ရာတွင် တိရစ္ဆာန်ကယ်တင်ရေး ပရဟိတလုပ်ငန်းအဖွဲ့အစည်းတစ်ရပ်က ဒေသခံစေတနာ့ဝန်ထမ်းများနှင့် ကြည်းတပ် တပ်ဖွဲ့ဝင်များ၏ အကူအညီကိုရယူကာ ခွေးကောင်ရေ ၂၀၀ ကျော်ကို ယာယီခိုလှုံရေးစခန်းတစ်ခုသို့ ပို့ဆောင်ပေးခဲ့ကြောင်း နိုဝင်ဘာ ၂၄ ရက်ထုတ် ဗန်ကောက်ပို့စ်သတင်းစာတွင် ရေးသားဖော်ပြသည်။

**၂၀၀ ကျော်**

ရေလွှမ်းမိုးမှုမှ ကယ်တင်ခံရသော ခွေးများအတွက် ဖွင့်လှစ်ထားသော ယာယီခိုလှုံရေးစခန်းသို့ ခွေးကောင်ရေ ၂၀၀ ကျော် ရောက်ရှိလာခဲ့ကြောင်း၊ ယင်းခွေးများမှာ ဆွိုင်းဒေ့ါဖောင်ဒေးရှင်းအမည်ရှိ တိရစ္ဆာန်ကယ်တင်ရေးအဖွဲ့က ထိန်းသိမ်းထားသော ခွေးများဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြသည်။

ခွေးများအား ရွှေ့ပြောင်းပေးသည့်လုပ်ငန်းအတွက် ယင်းဖောင်ဒေးရှင်းထူထောင်သူ ဂီးလ်နှင့် ဂျွန်ဒယ်လီတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းခွေးများကို ဗန်ကောက်မြို့ပြင်ရှိ ယာယီခိုလှုံရေးစခန်းသို့ ထရပ်စ်ကားများဖြင့်လည်းကောင်း၊ မော်တော်ဘုတ်များဖြင့်လည်းကောင်း ပို့ဆောင်ပေးခဲ့သည်ဆို၏။

**အင်တာနက်။**



# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဘင်္ဂလားဒေ့ရှ် စီးပွား/ကူးသန်းဝန်ကြီး တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၅

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Faruk Khan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။**(ဓါတ်ပုံ)

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

# သက်ကြီးဂီတပညာရှင်ကြီးများ ပူဇော်ပွဲအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းနိုင်

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က ကြီးမှူးကျင်းပမည့် တတိယအကြိမ်မြောက် အသက်(၈၀)နှင့်အထက် သက်ကြီးဂီတပညာရှင်ကြီးများ ပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလအတွင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဖုန်း-၅၄၅၈၆၃ သို့ လာရောက်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ပြည်ထောင်စုဖွားသွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

# ပထမအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၅

**ပထမအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယမန်နေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သရေစည်သူ ဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ် (၆၆)ဦးတို့ တက်ရောက်ကြသည်။**

အစည်းအဝေး၌ စည်ပင်သာယာ ကျေးလက် လမ်း၊ တံတားများဆိုင်ရာ မေးခွန်း(၄)ခု၊ ကျန်းမာရေး၊ ပညာရေး လုပ်ငန်းများဆိုင်ရာ မေးခွန်း(၄)ခု၊ အင်းလုပ်ငန်း၊ ဆည်မြောင်းလုပ်ငန်းများဆိုင်ရာ မေးခွန်း(၃)ခု၊ ကျေးလက်မီးလင်းရေးဆိုင်ရာ မေးခွန်း(၂)ခုနှင့် ဒေသသုံးသစ်အသုံးပြုခွင့်ဆိုင်ရာ မေးခွန်းစသည့် မေးခွန်း(၁၄)ခုကို သက်ဆိုင်ရာဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ နိုဝင်ဘာ ၂၁ ရက် အစည်းအဝေးတွင် တင်သွင်းခဲ့သော တရားမဝင် လောင်းကစားလုပ်ဆောင်နေမှုများနှင့် တရားမဝင် အရက်ဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများအား ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရေးအဆိုကို ဆွေးနွေးခြင်း၊ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားခံရသူများ၊ တိုင်းဒေသကြီး အဖွဲ့အစည်းကိုယ်စားပြုအဖွဲ့အစည်းများ၏ ပြောဆိုဆွေးနွေးခွင့်၊ လွှတ်တော်ဥပဒေမှအပ အခြားဥပဒေဖြင့် အရေးယူခြင်း မပြုရသည့်ကိစ္စများ၊ အစီရင်ခံစာမှတ်တမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်ဒဏ်များ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခြင်းတို့ဆောင်ရွက်ပြီး အစည်းအဝေးကို ညနေ ၃ နာရီတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

# ဆန်စပါးထုတ်လုပ်တင်ပို့ရောင်းချမှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံအဆင့်သို့ ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်

**သတင်းမှတ်တမ်း-အောင်နိုင်(သတင်းစဉ်)**
**ဓာတ်ပုံ - ကိုကိုစိုးညွန့်**

နေပြည်တော် ကောင်စီနယ်မြေအတွင်း ပုဗ္ဗသီရိမြို့နယ်ရှိ စံပြစက်မှုလယ်ယာ စိုက်ခင်းဧက(၅၀၀)၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို စံနမူနာပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ကျယ်ပြန့်စွာ ဖြစ်ထွန်းအောင်မြင်စေရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်အတွက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများအား ဝင်ငွေစီးပွားတွက်ခြေကိုက်ပြီး ရေရှည်ဈေးကွက်ခိုင်မာစေရေးအတွက် ပြည်တွင်းဈေးကွက်အနေအထားသာမကဘဲ ပြည်ပဈေးကွက်နေရာ ရရှိရေးကိုပါ ဦးတည်ကာ ဈေးကွက်လိုအပ်ချက် အရည်အသွေးနှင့် အရေအတွက်တိုးတက်ကောင်းမွန်အောင် အားသွန်ကြိုးပမ်းဆောင်ရွက်နေသည်ကိုလည်း သတိပြုမိသည်။

လက်ရှိစပါးစိုက်တောင်သူများအနေဖြင့် ဝင်ငွေတွက်ခြေမကိုက်သည့်အတွက် ဆင်းရဲနွမ်းပါးနေကြရသည့် အခြေအနေမှ အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်ကောင်းမွန်သည့် ဘဝများ ရယူပိုင်ဆိုင်ခွင့်ရှိစေရေးအတွက် ဖန်တီးဆောင်ရွက်ပေးရာတွင် စပါးသီးနှံမှ အကျိုးစီးပွားရရှိခံစားနိုင်စေရေး (Paddy for Prosperity)ဖြစ်အောင် လက်တွေ့ကျသည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လည်း လိုအပ်ပေသည်။

စပါးသီးနှံတစ်ဧက အထွက်နှုန်းနှင့် စားသုံးမှုအရည်အသွေး မြင့်မားကောင်းမွန်သည့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ပြောင်းလဲအသုံးပြုနိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်း(Seed Production) လုပ်ငန်းများကို ထိထိရောက်ရောက် ကြိုးပမ်းအကောင်အထည်ဖော် လုပ်ဆောင်ကြရန် လိုအပ်နေသကဲ့သို့ စိုက်နည်းစနစ်ပိုင်းတွင်လည်း ခေတ်မီ သိပ္ပံနည်းကျစနစ်များ ပြောင်းလဲအသုံးပြုကာ လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းခြင်းနည်းလမ်းများ ပိုမိုအသုံးပြုသင့်သည်ကိုလည်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

သိပ္ပံနည်းကျစိုက်နည်းစနစ် ၁၄ ချက်ဖြင့် စိုက်ပျိုးရန် နည်းစနစ်ပညာပေးခြင်းလုပ်ငန်း (Technology Jump) မှာ ယခင်က တောင်သူများကျင့်သုံးနေခဲ့သည့် ပျိုးထောင်ကောက်စိုက်သည့်စနစ်ထက် ပို၍အကျိုးရှိစွာ မျိုးစေ့သုံးစွဲရမှု အလွန်သက်သာစေခြင်း၊ ပျိုးပင်ဘဝတွင် အပင်များကြီးထွားသန်မာအောင် ပြုစုနိုင်ခြင်းများကြောင့် ပွင့်သီးချိန်အထိ အရည်အသွေးကောင်းရုံမက အရေအတွက် ပိုမိုထွက်ရှိစေသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဟုလည်း သိရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့် အခြေခံအချက်များကို လုပ်ငန်းစဉ်ရေးဆွဲရာ၌ ၁။ မြေသယံဇာတ၊ ရေသယံဇာတများကို ခေတ်မီ ဆည်ရေသောက်စနစ်များ ဆောင်ရွက်ပေးခြင်း (Irrigation)၊ ၂။ အရည်အသွေးနှင့် အထွက်ကောင်းမျိုးများသုံးစွဲရေး (Hybridization)၊ ၃။ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း (Training and Education)၊ ၄။ သွင်းအားစုဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို အချိန်ကိုက် အချိုးကျထည့်သွင်းပေးခြင်း (Fertilization)၊ ၅။ ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို တောင်သူလယ်သမားများလက်လှမ်းမီအောင် ဆောင်ရွက်ပေးခြင်း(Mechanization) နှင့် ၆။ ပုဂ္ဂလိကအပိုင်းမှ ပါဝင်ဆောင်ရွက်လာစေခြင်း (Privatization) တို့ကို အဓိကထားရေးဆွဲထားခဲ့ကြောင်း သိရသည်။



ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ စမ်းသပ်စိုက်ပျိုးထားသော အထူးအထွက်တိုးစပါး မျိုးစေ့ထုတ် စိုက်ကွင်းအတွင်းမှ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော စပါးခင်းကို တွေ့ရစဉ်။

အလားတူ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံသော့ချက်ကြီး(၅)ချက် (Key Factors) ဖြစ်သော (၁) အထွက်ကောင်းမျိုးသန့် မျိုးစေ့များ (Good Quality Seed) အသုံးပြုခြင်း၊ (၂) ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များ (Good Agriculture Practice) အသုံးပြုခြင်း၊ (၃) စိုက်ပျိုးရေအပါအဝင် သွင်းအားစု၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို အချိန်ကိုက်အချိုးကျ အသုံးပြုခြင်း၊ (၄) မျိုးစေ့သုံးစွဲခြင်း၊ သွင်းအားစုသုံးစွဲခြင်း၊ လုပ်အားခအပါအဝင် အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်ထိ အလေအလွင့်၊ ဆုံးရှုံးမှု၊ ထုတ်လုပ်မှုကုန်ကျစရိတ် (Production Cost) နှင့် လွှဲပြောင်းမှုကုန်ကျစရိတ် (Transitional Cost) များ လျော့နည်းသက်သာအောင် ဆောင်ရွက်ခြင်းနှင့် (၅) ထွက်ရှိလာသည့် သီးနှံများအပေါ် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာအောင်(Sustainable profit and market) ဆောင်ရွက်ခြင်းတို့ဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟုလည်း သိရသည်။

"တိုင်းဒေသကြီးနှင့်ပြည်နယ်တွေမှာလည်း အခုလို ဖြစ်ထွန်းအောင်မြင်မှုတွေကို လေ့လာအတုယူပြီး မိမိဒေသအတွင်း လက်တွေ့ကွင်းဆင်းပြီးတော့ ကျေးရွာတစ်ရွာကို မျိုးသန့်ဖုန် ၁၀ ဧက၊ မြို့နယ်တစ်ခုကို မျိုးသန့်ဖုန် ဧက ၁၀၀ အစရှိသဖြင့် အထူးအထွက်တိုး မျိုးစေ့ထုတ်လုပ်ငန်းတွေကို စနစ်တကျလုပ်ဆောင်လိုက်ရင် တောင်သူလယ်သမားတွေ တစ်ဦးကနေ တစ်ဦး လက်ဆင့်ကမ်းပညာပေးသွားမယ်ဆိုရင် တစ်နိုင်ငံလုံး ပျံ့နှံ့သွားမှာပါ။ စိုက်နည်းစနစ်နဲ့အတူ လိုအပ်တဲ့နည်းပညာတွေကိုလည်း ကျွန်တော်တို့ဝန်ကြီးဌာနမှာ လုပ်ကိုင်ဆောင်ရွက်နေတဲ့ ပညာရှင်တွေနဲ့ သိပ္ပံနည်းကျ စိုက်နည်းစနစ်တွေကို ကျင့်သုံးဆောင်ရွက်နိုင်အောင် (Technology Jump) ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု နိုဝင်ဘာ ၁၈ ရက်တွင် ကျင်းပခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြောကြားခဲ့သည်။

"တောင်သူတွေ တစ်ဦးချင်းဝင်ငွေ မြင့်မားတိုးတက်လာပြီး ကျဆင်းနေတဲ့ စပါးစိုက်နှုန်း ပြန်လည်မြင့်မားတိုးတက်လာမယ်ဆိုရင် အထွက်နှုန်းကောင်းတဲ့ စပါးမျိုးကောင်းမျိုးသန့်တွေနဲ့ ကောင်းမွန်ပြည့်စုံတဲ့ သိပ္ပံနည်းကျ စိုက်နည်းစနစ်တွေကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ လယ်ယာကဏ္ဍ ပိုမိုမြင့်မားတိုးတက်လာမှာပါ။ တစ်ချိန်က ကမ္ဘာမှာ ဆန်စပါးထုတ်လုပ်တင်ပို့မှု ထိပ်တန်းအဆင့်ရှိတဲ့ စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံအဖြစ်ကို မကြာခင်



**အထွက်ကောင်း စပါးမျိုးများဖြစ်ထွန်းနေမှုကို ဤသို့ တွေ့ခဲ့ရသည်။**

ပြန်လည်ရောက်ရှိတော့မှာ ဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက တစ်ဆက်တစ်စပ်တည်း ပြောကြားခဲ့သည်။

သီးနှံအမယ်လိုက် ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသအလိုက် ရာသီဥတု၊ မြေသဘာဝနှင့် ကိုက်ညီမှုပေါ်မူတည်၍ ဝန်ကြီးဌာနမှ အားပေးကြိုးစား ဆောင်ရွက်သွားရမည့်နည်းတူ နိုင်ငံတော်၏ အဓိကသီးနှံအမယ်ဖြစ်သော ဆန်စပါး မိုးစပါး/နွေစပါး စိုက်ဧက သန်း ၂၀ ခန့်အပေါ် ဦးစားပေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းအားဖြင့် တောင်သူလယ်သမားများ၏ ဝင်ငွေဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်ကြောင်း သိရသည်။

ယခုအခါ နေရာဒေသအစုံ၌ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို တွင်ကျယ်စွာ အသုံးပြုစိုက်ပျိုးလာကြပြီဖြစ်၍ လက်ရှိစိုက်ပျိုးနေသည့် အထွက်ကောင်းစပါးမျိုးများမှာပင် တစ်ဧက တင်း ၂၀ မှ ၃၀ အထိ ပိုမိုထွက်ရှိလာသည်ကိုလည်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြနေပြီ ဖြစ်သည်။

အထူးအထွက်တိုး စပါးများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လက်တွေ့သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးလာကြမည်ဆိုပါက တစ်ဧကလျှင် တင်း ၂၀၀ ကျော်အထိ ထွက်ရှိလာမည်ဖြစ်ပြီး လယ်သမားများ၏ ဝင်ငွေသည်လည်း နှစ်ဆကျော် တိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံ၏ ဝမ်းစာဖူလုံရေးအတွက်သာမက ကမ္ဘာ့အလယ် ဂုဏ်ဝင့်ထည်လာနိုင်တော့မည့် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍသည်လည်း ထက်ကြပ်မကွာ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း တစေ့တစောင်း ဖော်ပြလိုက်ရပါသည်။ ။

# စာပေရဲ့ ကျေးဇူး

**ချစ်နိုင်(စိတ်ပညာ)**

**နိဒါန်း**

စာပေရဲ့ကျေးဇူးဂုဏ်တွေဟာ ပြောလို့မကုန်အောင်များပြားပါတယ်။ ကြီးမားပါတယ်။ ကျယ်ပြန့်ပါတယ်။ သို့သော် အပ်ဖျား ရေစက် အနက်ပင်လယ်ဆိုသလိုပေါ့။ အချိန်ကန့်သတ်ချက်နဲ့စာမျက်နှာကန့်သတ်ချက်ရဲ့ အတိုင်းအဆအရ သင့်တင့်မျှတရုံမျှ တင်ပြခြင်းဖြစ်ပါတယ်။ အကျယ်ကို ဆက်လက်တွေးခေါ် ရှုမြင်နိုင်ကြပါစေ။

- စာပေဆိုတာဘာလဲ၊
- စာပေအမျိုးအစား၊
- စာဆိုတို့ရဲ့ ကျေးဇူးဂုဏ်နဲ့၊
- စာပေအကျိုးနဲ့တိုးတက်ပြောင်းလဲခဲ့ပုံတွေ၊
- စာပေတန်ဖိုးကို အကျိုးရှိစွာသုံးကြပါစို့ စတဲ့အချက်များနဲ့ အကျဉ်းချုံးပြီး တင်ပြပါရစေ။

**စာပေ**

စာပေလို့ဆိုရာမှာ ဘာသာစကားက အရင်းခံမြစ်ဖျားကျပါတယ်။ ကမ္ဘာပေါ်မှာ ဘာသာစကားပေါင်းအရေအတွက် ထောင်နဲ့ချီပြီးရှိကြသော်လည်း အက္ခရာစာနဲ့တင်တဲ့ ဘာသာစကားကတော့ ရာဂဏန်းလောက်မျှသာရှိတယ်လို့ ကြားဖူးပါတယ်။ ကမ္ဘာပေါ်မှာ လူဦးရေ သန်းနဲ့ချီပြီး အသုံးပြုနေတဲ့ ဘာသာစာပေကတော့ ရာဂဏန်း၊ ထောင်ဂဏန်းရှိအောင် မများလှဘူးပေါ့။

ဥပမာ - တရုတ်စာ၊ အင်္ဂလိပ်စာ၊ ရုရှားစာ၊ ဂျာမန်၊ ပြင်သစ်၊ စပိန်၊ ဂျပန်၊ အာရဗီစသည်တို့ဖြစ်ကြပါတယ်။

အဓိကဘာသာစာပေများက ဆယ်ဂဏန်းမျှသာ။

ဘာသာစကား Language မတူတော့ စာပေဆိုတာလည်း မတူကြဘူးပေါ့။ သို့တစေ စာပေ Literature ရဲ့ အနှစ်သာရသဘောသဘာဝကတော့ ဘယ်ဘာသာစကားမှာပဲဖြစ်ဖြစ် တူညီကြပေတာပဲ။

မြန်မာဘာသာစကားနဲ့ ရေးသားထားတာတွေက မြန်မာစာပေဖြစ်ပါတယ်။ ဘာသာစကားက ရှေးဦးစွာပေါ်တယ်။ အပြောစကားက အဦးဆုံးပေါ့။ နောက်တော့ အရေးစာ။ ပြီးတော့မှ အရေးအဖွဲ့အနေနဲ့စာပေ။ တစ်ဆင့်ပြီးတစ်ဆင့် ရင့်ကျက်မြင့်တက်လာတာပေါ့လေ။ စာပေကတော့ နောက်ဆုံးအဆင့်။

ဝါစာဆိုတဲ့ ပါဠိဝေါဟာရရှိတယ်။ မြန်မာလိုအနက်အဓိပ္ပာယ်ကစကားပေါ့။ ပီယဝါစာ= ချစ်ဖွယ်သောစကား အားလုံးကြားဖူးကြတယ်။ သိထားပြီးသား။ တကယ်တော့ စာပေဆိုတာ ပါဠိဝေါဟာရဝါစာမှ ဆင်းသက်လာတဲ့ ပါဠိသက် ဝေါဟာရ၊ စာနဲ့ပေနဲ့ တွဲလိုက်တော့ စာပေပေါ့။ ပေရွက်ပေါ်မှာ ရေးတဲ့စာ။ ရှေးက စာရွက်တို့၊ စက္ကူတို့မပေါ်မီ ပေရွက်၊ ပေစာ ရေးခဲ့ကြရတာကိုး။ ပေပေါ်ကစာ၊ စာပေ။

စာရွက်တွေ၊ စက္ကူတွေ၊ ပုံနှိပ်စက်၊ လက်နှိပ်စက်၊ ကွန်ပျူတာ၊ လက်တော့ပ်၊ အီးဘွတ်စသည်ဖြင့် သိပ္ပံနဲ့နည်းပညာတွေ ကျယ်ပြန့်လာတော့ စာပေဟာ စာရွက်ပေါ်သာမကတော့ဘဲ အင်တာနက်မှတစ်ဆင့် တစ်ကမ္ဘာလုံးကို အလွယ်တကူ စာလုံးတွေ ပျံ့နှံ့သွားတော့တာပေါ့။ စာပေဟာအဆများစွာ ပိုမိုကျယ်ပြန့်သွားပါတယ်။ လိုက်လို့မီအောင် အများကြီး ကြိုးစားကြရပါမယ်။

**စာပေအမျိုးအစား**

ဘယ်ဘာသာစကားမှာပဲဖြစ်ဖြစ် စာပေအရာမှာတော့ အဓိကနှစ်မျိုး ခွဲခြားလေ့ရှိတယ်-

(၁) စကားပြေ Prose နဲ့

(၂) ကဗျာလင်္ကာ Poetry တို့ဖြစ်ပါတယ်။

စကားပြေက အများသုံး။

ကဗျာလင်္ကာကတော့ ကျစ်လျစ်ထက်မြက်ပြီး ထူးချွန်သူများသာ ရေးဖွဲ့သီကုံးနိုင်တဲ့ ပညာရှိသုံး။

ရေးဖွဲ့ရတာ ကဗျာက စကားပြေထက် အဆများစွာခက်ခဲနက်နဲလှပါတယ်။ လူတကာ အလွယ်တကူ ရေးသားနိုင်တာကတော့ စကားပြေစာပေအမျိုးအစား။ စကားပြေထွန်းကားမှ အတတ်ပညာပြန့်ပွားပါတယ်။

စကားပြေက သုတများတယ်။

ကဗျာက ရသများလေ့ရှိတယ်။

(စကားပြေမှာလည်း ရသရှိတာပါပဲ။ ကဗျာမှာလည်း သုတပါဝင်တာပါပဲ။ ယေဘုယျသဘောကို သိသာအောင် အလွယ်ပြောခြင်းပါ။)

စာပေကို နောက်တစ်နည်းခွဲခြားနိုင်ပါသေးတယ်။ သုတစာပေနဲ့ ရသစာပေတဲ့။

စကားပြေဖြစ်စေ၊ ကဗျာလင်္ကာဖြစ်စေ ဗဟုသုတအသိအမြင်ပေးဝေတဲ့ အလုပ်ကိုလုပ်တာ "သုတစာပေ"။

စိတ်ခံစားမှု၊ စိတ်လှုပ်ရှားမှု၊ နှစ်သက်မှု တစ်စုံတစ်ခု မျှဝေတဲ့ အနုပညာစာပေမျိုးကတော့ "ရသစာပေ"။

စကားပြေနဲ့ဝတ္ထု၊ ပြဇာတ်၊ ကဗျာအနေနဲ့ ကဗျာလင်္ကာဖွဲ့နည်းပုံစံအမျိုးမျိုး၊ ရတု၊ ပျို့၊ ဒွေးချိုးစတာတွေပါမယ်။ ရေးသားထားတဲ့ တေးစာသားတွေလည်းပါမယ်။

ဘယ်စာပေမျိုးက ပိုပြီးတန်ဖိုးမြင့်သလဲလို့ မေးရင် မတူညီတဲ့အရည်အသွေးသဘောရှိတာမို့ နှိုင်းယှဉ်ပြိုင်ဆိုင်လို့ မရနိုင်ဘူးဆိုချင်တယ်။ အလေးချိန်နဲ့ အကွာအဝေး။ ချိန်လို့မရ၊ တိုင်းတာနှိုင်းယှဉ်လို့မရ။

သုတဟာ ခြေဆိုရင် ရသဟာ လက်ပါ။

သုတက ဘယ်ဆိုရင် ရသက ညာပေါ့။

တကယ်တော့ ခြေရောလက်ရော အားကောင်းရမှာပဲ။ ဘယ်ရောညာရော သန်မာရမှာပဲ။ သူ့နေရာနဲ့သူပေါ့။

သုတက ဦးနှောက်ကို ဖွံ့ဖြိုးစေတယ်။ (Brain)

ရသက နှလုံးသားကို ရင့်ကျက်စေပါတယ်။ (Breast)

ဦးနှောက် (Head) ကို ဖွံ့ဖြိုးသန်စွမ်းအောင် သုတစာပေလိုအပ်တယ်။ မရှိမဖြစ်။

နှလုံးသား (Heart)ကို ဖွံ့ဖြိုးရင့်ကျက်အောင် ရသစာပေလိုအပ်တယ်။ မရှိရင် မဖြစ်ပါဘူး။

**သုတစာပေ**

သုတစာပေက ဘာသာရပ်ဆိုင်ရာ ပထဝီ၊ သချ်ာ၊ သိပ္ပံ၊ သမိုင်းစတဲ့ ဗဟုသုတနယ်ပယ်သမုဒ်ပြင်ကျယ်။ အသိပညာ အတတ်ပညာအားလုံးမှာ ပြည်သူအများဦးနှောက်စွမ်းအား သန်မာမြင့်မားကြရမယ်။ ကျောင်းသင်ပညာတွေဟာလည်း သုတစာပေပဲ။ ကျောင်းပြင်စာနယ်ဇင်းများနဲ့ ဘာသာရပ်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ စာအုပ် စာတမ်းတွေအားလုံးကလည်း သုတစာပေတွေပါပဲ။ နိုင်ငံရေးနဲ့ အတွေးအခေါ်ဟာလည်း သုတစာပေထဲပါဝင်တယ်။

တစ်နည်းအားဖြင့် ပညာရပ်ပညာရည်အားလုံးပဲ အကျုံးဝင်ပါရဲ့။

ဘာသာပြန်စာပေဖွံ့ဖြိုးကျယ်ပြန့်ဖို့ လိုအပ်တယ်။ ဂျပန် စာပေ၊ ထိုင်းစာပေတို့ဟာ ကမ္ဘာမြေအနှံ့က ဗဟုသုတနဲ့ဆိုင်တဲ့ ဘာသာမျိုးစုံက အသိပညာတွေကို သူတို့ဘာသာစာပေနဲ့ အမြန်ဆုံးဘာသာပြန်နိုင်အောင် ကြိုးစားကြတယ်။ ခေတ်မီတယ်။

တရုတ်၊ ဂျပန်၊ ထိုင်း၊ မလေး၊ ဟင်ဒီဘာသာစတဲ့ ဘာသာများ တတ်မြောက်ထားရင် အကျိုးရှိတယ်။ အဲဒီစာပေတွေလည်း ဘာသာပြန်ဖို့ကောင်းတယ်။ မြန်မာဘာသာနဲ့ ရှိသင့်တာတွေရှိအောင် ကြိုးစားကြရပါမယ်။

အထူးသဖြင့် အင်္ဂလိပ်စာကို အခြေခံအနေနဲ့ အထူးကျွမ်းကျင်အောင် ဆည်းပူးလေ့လာကြရမယ်။ ဟောပြောပွဲတွေမှာတော့ အင်္ဂလိပ်စာမတတ်လို့ ပြဿနာကြုံရပုံတွေကို ရယ်စရာထည့်ပြောလေ့ရှိခဲ့တယ်။

**ရသစာပေ**

ရသစာပေအကြောင်း ဆက်လက်ဆွေးနွေးချင်ပါသေးရဲ့။

မကြာမီက မန္တလေးမြို့ ဆေးတက္ကသိုလ်သို့ အသက် (၇၀) အရွယ် လူတစ်ယောက်ရောက်လာပါတယ်။ ပါမောက္ခကြီးများထံ သူ့ရဲ့ခန္ဓာကိုယ်ကို သူသေလွန်တဲ့အခါ ဆေးပညာအတွက် အသုံးချဖို့လှူဒါန်းချင်ပါတယ်၊ ရနိုင်မလားတဲ့။ ရပါတယ်။ ကျေးဇူးတင်စွာ လက်ခံပွဲ ကျင်းပခဲ့ပါတယ်။ ဂျာနယ်ထဲမှာ သတင်းပါတယ်။ ထိုပုဂ္ဂိုလ်ကို ဂျာနယ်သတင်းထောက်က ဘာဖြစ်လို့ ခုလိုလှူဒါန်းရတာလဲမေးတဲ့အခါ သူငယ်စဉ်အသက် (၂၀)အရွယ်လောက်က စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်ရေးတဲ့ "ချစ်သော ဤကမ္ဘာ" အမည်ရှိ ဝတ္ထုရှည်ထဲမှာ ဇာတ်လိုက် ဒေါက်တာမင်းမောင်ဟာ ဆေးကျောင်းကို သူ့ရဲ့ခန္ဓာကိုယ်အား(သူသေရင်)ဆေးပညာသင်ကြားရေးမှာ အသုံးပြုရန် လှူတာကို အားကျလေးစားမိလို့ပါတဲ့။ စိတ်ကူးကို စာပေကပေးခဲ့တာ။ စွဲမြဲလိုက်တာ။

မျက်စိအထူးကုပါရဂူ ဒေါက်တာရဲနိုင် (အမျိုးသားစာပေဆုရ စာရေးဆရာ)ဟာလည်း သူမသေမီ သူသေလွန်ပါက ခန္ဓာကိုယ်အား တပ်မတော်ဆေးတက္ကသိုလ်သို့ လှူဒါန်းဖို့မှာကြားခဲ့လို့ သူ့မိသားစုက လှူဒါန်းခဲ့ပါတယ်။ သူက တပ်မတော်မှာ ဒုတိယဗိုလ်မှူးကြီး၊ မျက်စိအထူးကု တာဝန်ထမ်းဆောင်ခဲ့တာမို့ တပ်မတော်ဆေးတက္ကသိုလ်အား ကျေးဇူးပြုခဲ့ခြင်းလည်း ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ က တက္ကသိုလ်ဘုန်းနိုင်ရဲ့ ရသအနုပညာလှုံ့ဆော်ခဲ့မှုဟာ စာဖတ်သူပေါင်းများစွာရဲ့ နှလုံးသားဆီသို့ နက်ရှိုင်းစွာ ရိုက်ခတ်ခဲ့ကြောင်း သာဓကတစ်ခုနှစ်ခုပါ။

"သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင်" ဝတ္ထုကို စွဲစွဲလမ်းလမ်းဖတ်ရှုပြီး ထိုဝတ္ထုထဲက ဇာတ်လိုက် "မောင်" ကိုအားကျကာ စိုက်စိုက်မတ်မတ်ကြိုးစားခဲ့တာကြောင့် သူဟာ ကင်ဆာရောဂါနဲ့ ခွဲစိတ်ပါရဂူ၊ သမားတော်ကြီး၊ ဗိုလ်မှူးချုပ်စိန်လင်း(အမှတ် ၂၊ တပ်မတော်ဆေးရုံ၊ ဆေးရုံအုပ်ကြီး) ဖြစ်လာရတာပါလို့ ဒေါက်တာ စိန်လင်းက ထုတ်ဖော်ရေးသားဖူးပါတယ်။ စာကောင်းပေကောင်းတွေဟာ ဆယ်ကျော်သက်တွေရဲ့ ဘဝကို ကြီးကျယ်မြင့်မားတဲ့ ကောင်းကျိုးတွေ ပေးဝေနိုင်ခဲ့ပါတယ်။

ဆရာဇော်ဂျီရဲ့ ဗေဒါလမ်းကဗျာ ၄၁ ပုဒ်မှ အမှတ်စဉ်(၁၀) "ပန်းပန်လျက်ပဲ" ကဗျာမျိုး။

ဆရာမင်းသုဝဏ်ရဲ့ "ပျဉ်းမငုတ်တို"ကဗျာမျိုး။

ဝီလျှမ် အားနက်စ် ဟင်နလေရဲ့"အနိုင်မခံ"ဆိုတဲ့ အင်္ဂလိပ်ကဗျာမျိုး စသည်တို့ဟာ လူတစ်ယောက်ချင်းစီကို အားမာန်တွေ နိုးကြားအောင် ပြင်းထန်စွာ လှုံ့ဆော်နိုးကြားအောင် ပြင်းထန်စွာ လွှမ်းမိုးပြုပြင်ခဲ့တယ်မဟုတ်လား။ အထင်အရှားပါ။

**သာဓကပြစရာ**

ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ဝန်းသိုရွာမှ မောင်တင်လှိုင်ဆိုတဲ့ လယ်သမားဆင်းရဲသားရဲ့ သားလေးက ဆယ်တန်းစာမေးပွဲကို မဖြေရဲဘဲ ခြောက်နှစ်လောက် စိတ်လေလွှမ်းဆွေးငေးငိုင်နေရာမှ ဆရာပီမိုးနင်းရဲ့ "အောင်စိတ်"၊ "ဘဝတိုက်ပွဲ"အစရှိတဲ့ ဘဝတက်လမ်း တက်ကျမ်းစာအုပ်များကို တစ်ရက်တည်း တစ်ဆက်တည်း ဖတ်မိရာမှ နိုးထကြိုးစားလိုက်တာ နိုင်ငံကျော်စာရေးဆရာကြီး လယ်တွင်းသားစောချစ်ဖြစ်လာတဲ့အထိပါပဲ။

ပခုက္ကူမြို့နယ် ထနောင်းကုန်းကျေးရွာအုပ်စုထဲမှ ရှားတောရွာမှာ ဦးဖိုးယူနဲ့ ဒေါ်ကြက်ရုံးတို့က သားလေးတစ်ယောက် ဖွားမြောက်ခဲ့တယ်။ ၁၉၁၇ ခုနှစ်လောက်ကပေါ့။ ငယ်ငယ်က ဆင်းရဲနွမ်းပါးတော့ လှေထိုး၊ သစ်ဖောင်စီး၊ မြင်းထိန်း၊ မြင်းချေးကျုံး၊ ကွမ်းယာရောင်း၊ အလုပ်မျိုးစုံလုပ်ခဲ့ရ။ သူခိုး၊ ဓားပြဖြစ်လာ။ ဓားပြအကြိမ်ကြိမ်တိုက်ဖူးတယ်။ ထောင်အကြိမ်ကြိမ်ကျဖူးတယ်။ လူဆိုးဓားပြထောင်သားဘဝ ထောင်ထဲက စာကြည့်တိုက်မှာ စာဖတ်တယ်။ စာဖတ်ရင်း အသိအမြင်ရလာတယ်။ မှောင်မည်းလှတဲ့ သူ့ဘဝကို ဒီတစ်ကြိမ် ထောင်ကလွတ်ရင် ဖြူစင်စွာ အသက်မွေးနေထိုင်တော့မယ်ဆုံးဖြတ်လိုက်တယ်။ စာပေရဲ့ကျေးဇူးပဲ။

အသက်(၃၀)မှာ မိမိကိုယ်ကို လူကောင်းသူကောင်းတစ်ယောက်လို တကယ်စည်းနဲ့ကမ်းနဲ့နေပြီဆိုတော့ ရပ်ရွာလူထုက လေးစားကြည်ညိုလို့ ၁၉၄၇ ခု သူကြီးရွေးကောက်ပွဲမှာ ထနောင်းကုန်းအုပ်စုရဲ့ တိုက်သူကြီးအဖြစ် မဲနဲ့တင်မြှောက်လိုက်ကြပါလေရော။

သူကြီး ကိုအုံးဖေဟာ ပွဲစား၊ ကုန်သည်၊ ဆေးပေါင်းရုံပိုင်ရှင် ဘဝတွေ တိုးတက်ခဲ့ရုံမျှမက ပခုက္ကူမြို့ရဲ့ မြို့မျက်နှာဖုံး လူချမ်းသာသူဌေးအဖြစ်ပင် ရောက်ရှိခဲ့ပါတယ်။ လူမှုရေးအလှူအတန်းတွေဆိုလည်း အံ့သြရလောက်အောင် ရက်ရောတာကိုး။

ဓားပြဗိုလ်ထောင်ထွက်ဘဝမှ နိုင်ငံကျော်စာရေးဆရာကြီး။ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်၊ ထနောင်းကုန်းရွာ အသိပညာစာကြည့်တိုက်နဲ့ ရှားတောရွာ ဗဟုသုတစာကြည့်တိုက်တို့ကို ငွေကျပ်သိန်းပေါင်းများစွာ ကျခံတည်ဆောက်လှူဒါန်း ထူထောင်ခဲ့ပါတယ်။ စာပေရဲ့ကျေးဇူးကြောင့် အမည်းမှအဖြူသို့ သူပြောင်းလဲနိုင်တာမို့ပါတဲ့။ လူတွေစာဖတ်ကြပါစေ။

**တစ်ခါတုန်းက**

အမေရိကန်ပြည်ထောင်စုမှာ တစ်ခါက ဓားပြလူဆိုးတစ်ယောက် ဖမ်းမိပါတယ်။ သတင်းစာထဲမှာ အထူးတဆန်း လူဆိုးဗိုလ်ကြီးမိပြီဆိုတဲ့အကြောင်း ဖော်ပြကြပါတယ်။ သတင်းထောက်တွေက မေးကြတော့ သူ့ဘဝ ငယ်စဉ်က ရက်စက်ကြမ်းတမ်းတဲ့ ဖခင်အရက်သမားရဲ့ နှိပ်စက်မှုကို ခံခဲ့ရကြောင်း၊ ထို့ကြောင့် အိမ်မှာမနေရဘဲ လမ်းပေါ်ထွက်ရှောင်ရင်း သူခိုးသူဝှက်တွေနဲ့ ပေါင်းမိပြီး သူ ယခုလို ဓားပြဗိုလ် ဖြစ်လာရပါတယ်တဲ့။

သူ့မှာ ညီတစ်ယောက်ရှိတာလည်း သိရတယ်။

အဲဒီညီက အခု ဘယ်ရောက်နေသလဲ။ တက္ကသိုလ်မှာ ပါမောက္ခဖြစ်နေပါသတဲ့။ အဲဒီ ပါမောက္ခဆီသွားပြီး သတင်းသမားတွေက မေးကြပြန်တယ်။

"ဒေါက်တာ ယခုလို ပါမောက္ခ ဘာကြောင့် ဖြစ်လာရပါသလဲ ခင်ဗျား"

"ကျွန်တော့် အဖေပေါ့ဗျာ။ ညနေ ညနေဆိုရင် အဖေက မူးရူးပြီး အိမ်ပြန်လာ။ အမေနဲ့ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ကို ပြင်းပြင်းထန်ထန် ကန်ကျောက်ရိုက်နှက်နှိပ်စက်နေတာ နေ့တိုင်းပါပဲ။ ဒါကြောင့် ညမှာ အိမ်အပြင်ထွက်ပြီး ရှောင်နေကြရတယ်။ ဒီအခါ ကျွန်တော်က ရပ်ကွက်စာကြည့်တိုက်ကိုသွားပြီး စာအုပ်တွေနဲ့ အဖော်လုပ်နေရပါတယ်။ စာဖတ်ရင်း အချိန်ကုန်ရတယ်။

ဗဟုသုတစာအုပ်တွေ နေ့စဉ်မပြတ် ဖတ်ပါများတော့ စာတော်တဲ့ ကျောင်းသားဖြစ်လာတယ်။ စာမေးပွဲ ရမှတ်ထူးချွန်တော့ ထောက်ပံ့ကြေးနဲ့ ဆုတွေ ရတယ်။ ဒီလိုနဲ့ တက္ကသိုလ်အထိ တက်နိုင်ပြီး ပီအိပ်ချ်ဒီ၊ ဒေါက်တာဘွဲ့တွေ ဘာတွေရလာခဲ့ပါတယ်။ အသက်ငယ်ငယ်နဲ့ ပညာထူးချွန်တဲ့ ပါမောက္ခဖြစ်လာရတာ ကျွန်တော့်ရဲ့ အဖေကြောင့်ပါတဲ့"

အစ်ကိုက လူဆိုး၊ ညီက တက္ကသိုလ်ပါမောက္ခ ကြုံတွေ့ရတဲ့ ခါးသီးလှသော ကလေးဘဝဟာ အတူတူပါပဲ။

**နိဂုံး**

စာအုပ်စာပေကို မိတ်ဆွေဖွဲ့ခဲ့တဲ့ လူငယ်လေးက ဘဝလမ်းကြောင်း ဖြောင့်ဖြူးကောင်းမွန်ခဲ့တာပေါ့။

စာပေရဲ့ ကောင်းကျိုးကျေးဇူးတရားတွေကို ဖော်ပြရရင် စာမျက်နှာပေါင်း ဘယ်လောက်များများ ကုန်ဆုံးနိုင်ဖွယ်ရာမမြင်ပါ။ ရေးသားပြုစုခဲ့ကြတဲ့ သုတစာပေပညာရှင်တွေ ဖွဲ့ဆိုဖန်တီးခဲ့ကြတဲ့ ရသစာပေ အနုပညာရှင်တွေရဲ့ ကျေးဇူးဂုဏ်ဟာ ကောင်းကင်ကြီးတမျှ ကျယ်ဝန်းလှပါတယ်။ ကျွန်တော်တို့က အသုံးမချဘဲ စာပေရဲ့ ကျေးဇူးကို ဘာကြောင့် လျစ်လျူရှု မျက်နှာလွှဲကြရမှာလဲ။ သုတ ရသ စာအုပ်စာပေတွေကို ကျွန်တော်တို့ နေ့စဉ်မပြတ် ဖတ်ဖြစ်ကြရင် ဘယ်လောက် ကျေးဇူးများမလဲ။ စာဆိုတော်နေ့ကို ဂုဏ်ပြုအမှတ်တရအနေနဲ့ စာများများ ဖတ်ကြရအောင်ပါ။ ။



ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၏ (၂၁)ကြိမ်မြောက် မြို့နယ်လုံးကျွတ် စုပေါင်း လှူဒါန်းပွဲကို နိုဝင်ဘာ ၉ ရက်က ကျင်းပရာ ပဒေသာပင် ၃၂ ပင် အပါအဝင် လှူဖွယ်ပစ္စည်းမျိုးစုံနှင့် လှူဒါန်းငွေစုစုပေါင်း တန်ဖိုးငွေကျပ် ၈၀၈၃၈၄၀ တို့ကို မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၂၇ ကျောင်းတို့အား မဲဖောက်၍လှူဒါန်းရန် လှည့်လည်လာစဉ်။ (ကြေးမုံ)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၆-၁၁-၂၀၁၁ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | ဓမ္မနုဂဟဓမ္မကဍ္ဍ (ရွှေယမင်းဦး၊ တေးရေး-မျိုးနွယ်ဆွေ၊ စကားပြော-သိန်းလှမော်) |
| ၇း၅၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၆။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၁၀ | ၇။ | "သုတရောင်စုံပန်းခင်း" |
| ၈း၂၀ | ၈။ | ကဗျာပန်းဥယျာဉ် |
| ၈း၃၀ | ၉။ | တေးဂီတအစီအစဉ် |
| ၈း၄၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | Local Talent |
| ၉း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | ၃။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၁း၅၀ | ၄။ | တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁း၅၀ | ၅။ | "နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ" |
| ၂း၀၅ | ၆။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ဂျောင်ဂွန်း" (အပိုင်း-၂၆)** |
| ၂း၅၅ | ၇။ | International News |
| ၃း၀၀ | ၈။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၄း၁၅ | ၃။ | မြူးမြူးကြွကြွယဉ်ကျေးမှုအက |
| ၄း၂၅ | ၄။ | တေးဂီတအစီအစဉ် |
| ၄း၃၅ | ၅။ | "အသက်ကလေးရယ်တဲ့ ရှည်စေလို" |
| ၄း၅၀ | ၆။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရသစာပေအရေးအသားအထူးပြု) (ရသစာပေအရေးအသား) |
| ၅း၀၀ | ၇။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၀၅ | ၈။ | Internaitonal Science News |
| ၅း၁၅ | ၉။ | ရုပ်မြင်ရသတေးစုကဏ္ဍ |
| ၅း၃၀ | ၁၀။ | "လှပစုံလင်အာဆီယံတစ်ခွင်" |
| ၅း၃၅ | ၁၁။ | မြန်မာ့ဆေးလောက၏ သမိုင်းမှတ်တိုင်သစ် (ပဉ္စမအကြိမ်မြောက်) ရင်ချင်းဆက်အမြွှာခွဲစိတ်ကုသခြင်း |
| ၆း၀၀ | ၁၂။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၄။ | အလှရှာမယ် လှကမ္ဘာဝယ် |
| ၆း၃၅ | ၁၅။ | ယဉ်တစ်ကိုယ်မယ် |
| ၇း၀၀ | ၁၆။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ရွှေဖူးစာ" (အပိုင်း-၃၅)** |
| ၈း၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၆၈)** |
| | ၂၁။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသောရုပ်သံလွှင့်မှူး" (အပိုင်း-၂၈)** |
| | ၂၂။ | ဂီတတံခါးလေးဖွင့်ပါဦး |
| | ၂၃။ | အစီအစဉ်ပြီး၏။ |

## ဗုဒ္ဓမြတ်စွယ်တော်ပူးမြော်နိုင်ရန် ကြိုပို့ယာဉ်များစီစဉ်ထား

**ရန်ကုန် နိုဝင်ဘာ ၂၅**

ဗုဒ္ဓမြတ်စွယ်တော်အားဖူးမြော်ပြီး ကုသိုလ်တရားပွားများနိုင်စေရန် စိန်ဂေဟာဆိုင်များမှ ကမ္ဘာအေးကုန်းမြေမဟာပါသာဏလိုဏ်ဂူတော်သို့ နေ့စဉ် ကြိုပို့ယာဉ်များဖြင့် ကုသိုလ်ယူပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ကြိုပို့ယာဉ်အစီအစဉ်မှာ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ စိန်ဂေဟာ(ပြည်လမ်း)၊ စိန်ဂေဟာ(လှည်းတန်း)၊ စိန်ဂေဟာ(တရုတ်တန်း)၊ စိန်ဂေဟာ(ပါရမီစင်တာ)တို့က တနင်္လာနေ့မှ ကြာသပတေးနေ့အထိ ညနေ ၄ နာရီခွဲတွင် စတင်ထွက်ခွာပို့ဆောင်ပေးမည်ဖြစ်ပြီး၊ သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၁၁ နာရီတစ်ချိန်၊ မွန်းလွဲ ၃ နာရီတစ်ချိန်နှင့် ညနေ ၆ နာရီတွင်တစ်ချိန် စုစုပေါင်း သုံးချိန် ပို့ဆောင်ပေးမည်ဖြစ်သည်။

တစ်ဖန် စိန်ဂေဟာ(ဗိုလ်အောင်ကျော်လမ်း)မှ တနင်္လာနေ့မှ ကြာသပတေးနေ့အထိ နံနက် ၁၁ နာရီတစ်ချိန်၊ ညနေ ၄ နာရီခွဲတစ်ချိန် ပို့ဆောင်ပေးပြီး သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် ညနေ ၄ နာရီခွဲတွင် ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

## လျှောက်ထားပြီး သတ်မှတ်ကာလအတွင်း လာရောက်ထုတ်ယူခြင်းမပြုသော နိုင်ငံကူးလက်မှတ်များကို ပယ်ဖျက်သွားမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

နိုင်ငံကူးလက်မှတ်များ လာရောက်လျှောက်ထားပြီးသော်လည်း သတ်မှတ်ကာလအတွင်း ပြန်လည်လာရောက်ထုတ်ယူခြင်းမပြုသော နိုင်ငံကူးလက်မှတ်များကို ပယ်ဖျက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးမှ သတင်းရရှိသည်။

နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးတွင် လာရောက်လျှောက်ထားပြီးသော်လည်း လာရောက်ထုတ်ယူခြင်းမပြုသည့် နိုင်ငံကူးလက်မှတ်စာအုပ်များ အများအပြားကျန်ရှိနေသည်ဟု သိရသည်။ ယင်းသို့ လာရောက်ထုတ်ယူခြင်းမပြုဘဲ လက်ကျန်သက်တမ်းတစ်နှစ်ကျော်ခန့်သာ ကျန်ရှိနေတော့သည့် လက်ရေးစာမူစာအုပ်များအား ဆက်လက်ထုတ်ပေးတော့မည်မဟုတ်ကြောင်း သိရသည်။ ထို့ပြင် စက်ဖြင့် ဖတ်ရှုစစ်ဆေးသည့် အမ်အာပီစနစ်တွင် ထုတ်ယူရန်ကျန်ရှိနေသည့် စာအုပ်များအနက် ၂၀၁၀ ပြည့်နှစ်အတွင်းက လျှောက်ထားသူများကို ၂၀၁၁ ခု နှစ်ကုန်သည့်အခါတွင် ဆက်လက်ထုတ်ပေးခြင်းမပြုတော့ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ၂၀၁၀ ပြည့်နှစ်အတွင်းက လျှောက်ထားခဲ့ပြီး လာရောက်ထုတ်ယူခြင်း မပြုသည့် စာအုပ်များကို ယခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ နောက်ဆုံးထားပြီး လာရောက်ထုတ်ယူရမည်ဖြစ်ကြောင်းနှင့် ထုတ်ယူခြင်းမပြုသည့် စာအုပ်များကို ပယ်ဖျက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးမှ အသိပေးကြေညာချက် ထုတ်ပြန်လိုက်သည်။

နိုင်ငံကူးလက်မှတ် စာအုပ်များ လျှောက်ထားပြီး လာရောက်ထုတ်ယူခြင်း မပြုသည်မှာ ၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း လက်ရေးနှင့် ရေးသားထားသည့် နိုင်ငံကူးလက်မှတ်အဟောင်း စာအုပ် ၆၀၇၉၄ အုပ်။ အမ်အာပီ (ကွန်ပျူတာ) စနစ်ဖြင့် ထုတ်ပေးသည့် စာအုပ် ၄၂၆၆၃ အုပ်ရှိကြောင်း သိရသည်။

"စာအုပ်လျှောက်ထားပြီး တစ်ချို့က ပုံစံ ၁၉ ပြုလုပ်ဖို့ အခွန်မကျေသူတွေ၊ နိုင်ငံခြားသွားဖို့ ဆေးစစ်တော့ ဆေးကျသူတွေ၊ ရန်ကုန်ရောက်တုန်း စာအုပ်လျှောက်ခဲ့ပြီး နယ်ပြန်သွားတဲ့သူတွေ၊ ပတ်စ်ပို့ရုံးက ထုတ်ပေးတဲ့ လက်ခံစလစ် ပျောက်သွားတဲ့သူတွေနဲ့ အကြောင်းကြောင်းကြောင့် လာမထုတ်ဖြစ်တာ ဖြစ်နိုင်ပါတယ်" ဟု မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့က ပြည်သူများအဆင်ပြေချောမွေ့စွာဖြင့် နိုင်ငံကူးလက်မှတ်များ လျှောက်ထားရရှိစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး နေ့ချင်းပြီး လက်ခံစလစ် ရရှိအောင်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လျှောက်ထားပြီး သုံးပတ်အကြာ ၂၁ ရက်တွင် နိုင်ငံကူးလက်မှတ်စာအုပ်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ (၀၀၁)



**ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ် အလက(၄) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၀ ရက်က အဆိုပါကျောင်း နဝရတ်ခန်းမဆောင်၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာ ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြစဉ်။** (ကြေးမုံ)



သုဇနကာရီ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး ပရဟိတကျောင်းမုခ်ဦးနှင့် ကျောင်းအတွင်း ကလေးငယ်များ စာသင်ကြားနေမှုကို တွေ့ရစဉ်။

## ဥယျာဉ်မှူးတို့၏ မေတ္တာ၊ စေတနာ၊ အကြင်နာများဖြင့် ဝေစည်ရှင်သန်နေသည့် လူမှုပျိုးခင်းလေး

**ကလေးများ၏ စာအံသံတွေနှင့် ဝေစည်နေသော ကျောင်း၊ ကိုယ်စီတာဝန်ကျေပွန်စွာဖြင့် သန့်ရှင်းရေးလုပ်နေသော ကျောင်းသားကလေးများ. . .။ ထိုနေရာကား နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ခေတ်အေးကျေးရွာ သုဇနကာရီ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး ပရဟိတသာသနာပြုကျောင်းပင် ဖြစ်ပေသည်။**

**သတင်းမှတ်စုနှင့် ဓာတ်ပုံ**
**သန္တာမျိုးနိုင်**

ထိုပရဟိတသာသနာပြုကျောင်းတွင် ဆရာတော် ဦးသုဇန (သဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်၍ သံဃာတော်နှစ်ပါးနှင့်အတူ ကျောင်း၏ ကိစ္စကြီးငယ်ဟူသမျှကို ၎င်းတို့ကပင် တာဝန်ယူဆောင်ရွက်နေကြသည်။

ပရဟိတ သာသနာပြုကျောင်းကို တပ်ကုန်းမြို့နယ် မင်းကျောင်း ပရဟိတဆရာတော် ဦးတိလောကက ၁၉၇၁ ခုနှစ် ဩဂုတ် ၁ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၀၆ ခုနှစ် မေလ ၂၂ ရက်တွင် ဆရာတော် ဦးတိလောကမှ ဦးသုဇန(သဒ္ဓမ္မဇောတိကဓဇ) ဗားလုံသာသနာပြုဌာန ဖလမ်းမြို့နယ် ချင်းပြည်နယ်သို့ ပရဟိတသာသနာပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် လွှဲပြောင်းလှူဒါန်းခဲ့သည်။

ထိုနေ့မှစ၍ သုဇနကာရီနယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး ပရဟိတကျောင်းအနေဖြင့် တိုင်းရင်းသားသာမဏေ၊ ကျောင်းသား ၁၂ ယောက်ဖြင့် ကိုယ့်အားကိုယ်ကိုး စတင်ဖွင့်လှစ်ခဲ့သည်။

ယခုလက်ရှိတွင် ရှင်သာမဏေ ၃၆ ပါး၊ ယောကျ်ားလေး ၃၇ ယောက်နှင့် မိန်းကလေး ၁၂ ယောက် စုစုပေါင်း ၈၅ ယောက်ရှိပြီး ကျောင်းနေ ကျောင်းသားဦးရေမှာ ၈၁ ဦးရှိကာ တက္ကသိုလ်ဝင်တန်းနှစ်ဦးရှိကြောင်း၊ ကျောင်းတွင် သူငယ်တန်းသာ သင်ကြားပေးပြီး ပထမတန်းမှစ၍ အစိုးရစာသင်ကျောင်းများသို့ပို့ကာ ပညာဆက်လက်သင်ယူစေကြောင်း ဆရာတော် ဦးသုဇနက မိန့်ကြားသည်။

ကျောင်းရှိကလေးများမှာ အသက်(၅) နှစ်မှ (၆)နှစ်အရွယ်များသာ အများဆုံးဖြစ်ပြီး အသက်အငယ်ဆုံး ကလေးမှာ တစ်နှစ်နှင့်သုံးလသားအရွယ်ရှိ ယောကျ်ားလေးပင်ဖြစ်သည်။ "ဒီကလေးက ကျောင်းကို ရက် ၃၀ နဲ့ ရောက်လာတာ၊ မွေးပြီး သူ့မိဘတွေက စွန့်ပစ်လိုက်လို့ ဘုန်းကြီးတစ်ပါးက ထိန်းသိမ်းထားပြီး ကျောင်းကို ပို့လိုက်တာ၊ ချင်းပြည်နယ်က ရောက်လာတဲ့ ချင်းလူမျိုးလေးပါ။ 'ဇာနည်ထွန်း' လို့ အမည်ပေးထားတယ်" ဟု ဆရာတော်က မိန့်ကြားပါသည်။ ၎င်းကလေးအား နို့ဘူးတိုက်၍ ပြုစုစောင့်ရှောက်ခဲ့ခြင်းဖြစ်သည်။

ကျောင်းသားအများစုမှာ တိုင်းရင်းသား ကလေးငယ်များဖြစ်၍ ပြုစုစောင့်ရှောက်ရေးမှာ အခက်အခဲများစွာနှင့် ကြုံခဲ့ရသည်။ အရောင်အသွေးကင်းသည့်ကလေးများကို လောကီအကျိုး၊ လောကုတ္တရာ ကောင်းကျိုးများကို သွန်သင်ဆုံးမ ပုံသွင်းပြုစုစောင့်ရှောက်ခြင်းဖြင့် အကျိုးများစွာ ကိုယ်၌ဖြစ်တည်စေသည်။

ကျောင်းသားလေးများကို နံနက်အိပ်ရာထမှ အိပ်ရာဝင်ချိန်ထိ ဗုဒ္ဓစာပေ၊ ပရိတ်၊ ပဋ္ဌာန်း၊ မေတ္တာဘာဝနာများကို စာတွေ့သာမက လက်တွေ့ပါ သင်ကြားပြသပေးပြီး မိဘဆရာ အလှူရှင်များနှင့် အရပ်ဆယ်မျက်နှာသို့ပါ မေတ္တာပို့ခြင်းဖြင့် တစ်နေ့တာအချိန်ကို အကျိုးရှိစွာ ကုန်စေကြောင်း သိရှိရသည်။

ကလေးများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စားဝတ်နေရေးကို တာဝန်ယူလျက်ရှိကြောင်း၊ အမြဲတမ်း အလှူရှင်မရှိကြောင်း၊ ကိုယ့်အားကိုယ်ကိုး၍ တည်ထောင်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။

"ဧက ၉၀ အကျယ်အဝန်းရှိ ကျောင်းဝင်းထဲမှ သစ်ပင်ကိုခုတ်၊ ကြံရွက်များဖြင့် မိုးကာ ကိုရင်လေးများနှင့် စုပေါင်းတည်ထောင်ခဲ့သော ပရဟိတကျောင်းလေးမှာ ယခုဆိုလျှင် သီးပင်စားပင် အပင်ကြီးများနှင့် ကျောင်းဆောင်များလည်း တိုးချဲ့တည်ဆောက်လာနိုင်ခဲ့ပြီဖြစ်ကြောင်း" ဆရာတော်က အခက်အခဲများစွာဖြင့် ကြိုးစားတည်ဆောက်ရပုံကို မိန့်ကြားသည်။

"တစ်နှစ်တစ်ကြိမ် ကလေးတွေကို ဘုရားဖူး ပို့ဆောင်ပေးတယ်၊ သူတို့အရွယ်ရောက်ပြီး ကောင်းကျိုးပြုနိုင်ချိန် သူတို့ နေရပ်ဒေသကိုပြန်ပို့ပြီး သာသနာတော်အတွက်၊ မိမိအရပ်ဒေသများအတွက် အကျိုးပြုလုပ်ငန်းများ လုပ်ကိုင်စေပါတယ်၊ ကျောင်းမှာရှိတဲ့ လှူဖွယ်အချို့ကိုလည်း နယ်စပ်တောင်တန်းဒေသ မဖွံ့ဖြိုးသေးတဲ့အရပ်ဒေသ၊ ဘုန်းကြီးကျောင်းတွေကို ပြန်လည် လှူဒါန်းပါတယ်" ဟု ဆရာတော်က ဆက်လက်မိန့်ကြားသည်။

ဆရာတော်၏ မိန့်ကြားမှုအဆုံးတွင် ဝေစည်ပျံ့နှံ့လာသော ကလေးအုပ်စု၏ အသံက ကျောင်းအောက်မှ ထွက်ပေါ်လာသည်။ ခေတ်အေးကျေးရွာ မူလတန်းလွန်ကျောင်းလွှတ်ရာမှ ပြန်လာကြသည့် ပရဟိတ ကျောင်းသားကလေးများပေတည်း။

ကျောင်းဝတ်စုံ ဝတ်ဆင်ထားသည့် မူလတန်းအရွယ်ကျောင်းသားလေးများနှင့်အတူ သာမဏေငယ်များလည်း ပါဝင်သည်ကို တွေ့ခဲ့ရသည်။ ကျောင်းသားငယ်တို့သည် မိမိတို့နေထိုင်ရာ အဆောင်များသို့ စည်းကမ်းသေဝပ်စွာ ဝင်ရောက်သွားကြသည်။

ဆရာတော်သည် အနီးရှိ ပြတင်းပေါက်မှတစ်ဆင့် ဂရုတစိုက်အကဲခတ်ကြည့်နေသည်မှာ သားသမီးများအား စိတ်မချဖြစ်နေသော မိဘပမာ ပုံရိပ်ကို အမှတ်မထင် မြင်ကွင်းက ကြည်နူးချမ်းမြေ့စရာပင်။ အပြန်ခရီးစတင်ရန် ဆရာတော်အား နှုတ်ဆက်ဦးချကာ ကျောင်းဝင်းထဲမှ ပြန်ရာလမ်းတစ်လျှောက်တွင် "နှစ်ပေါင်းများစွာ ဗုဒ္ဓတရားနဲ့ ထိတွေ့နေကြရတော့ ဘာသာကို ချစ်တဲ့ စိတ်၊ လူမျိုးကို ချစ်တဲ့စိတ်က ကလေးတွေရဲ့ ဦးနှောက်ထဲမှာ သံမှိုနှက်သလို စွဲမြဲသွားစေတယ်။ ဗုဒ္ဓဝါဒရဲ့ အခြေခံ အုတ်မြစ်ခိုင်မာသွားတဲ့အတွက် လောကီနဲ့ လောကုတ္တရာ အခြေခံကို ကလေးတွေ စိတ်အစဉ်မှာ မြဲမြံစွာ စိုက်ထူပေးလိုက်နိုင်ပါပြီ" ဟူသော ဆရာတော် မိန့်ကြားသည့် ဩဝါဒစကားများက နားထဲတွင် ပဲ့တင်ထပ်နေပါသည်။ ။

## သာစည်မြို့နယ်တွင် တောဆင်ရိုင်းများ မကြာခဏ ဝင်ရောက်

**သာစည် နိုဝင်ဘာ ၂၅**

မိတ္ထီလာခရိုင် သာစည်မြို့နယ် လှိုင်းတက်၊ ဘုရားငါးဆူ၊ ပြည်ညောင်၊ ရေပေါင်းစုံကျေးရွာများသို့ တောဆင်ရိုင်းများ မကြာခဏ ဝင်ရောက်လျက် ရှိနေသည်။ တောဆင်ရိုင်းများမှာ ယခင်က စားကျက်များကျယ်ပြောပြီး တောထဲတွင်သာ အစာရှာဖွေစားသောက်နေခဲ့သော်လည်း ယခုအခါ ၎င်းတို့၏ စားကျက်နေရာများတွင် စက်ရုံ၊ အလုပ်ရုံ၊ လူနေတိုက်တာ အဆောက်အအုံများ ဆောက်လုပ်လာကြသဖြင့် စားကျက်နယ်မြေကျဉ်းလာသည့်အတွက် ယခုကဲ့သို့ ရွာများအနီးသို့ ချဉ်းကပ်ဝင်ရောက်လာခြင်းဖြစ်ကြောင်း ဒေသခံများက ပြောကြားကြသည်။

နိုဝင်ဘာ ၁၆ ရက်က လှိုင်းတက်ကျေးရွာအုပ်စု ကျောက်ပြားရွာတောင်ခြေ ဘုန်းကြီးကျောင်းအနောက်ဘက်သို့ တောဆင်ရိုင်းငါးကောင် ဝင်ရောက်လာခဲ့သည်။ တောဆင်ရိုင်းငါးကောင်သည် ဒေါ်ပုပိုင် စပါးခင်း သုညဒသမ ၅၀ ဧကခန့်နှင့် သုည ဒသမ ၂၅ ဧကတွင် စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းအား ဝင်ရောက်စားသောက်သွားသည်ဆို၏။

နိုဝင်ဘာ ၁၇ ရက်ကလည်း လှိုင်းတက်ကျေးရွာအုပ်စု ကျောက်အိုးရွာ အရှေ့တောင်ဘက်သို့ တောဆင်ရိုင်း သုံးကောင် ဝင်ရောက်လာပြီး ဦးမောင်ကလေး၏ ယာတဲတစ်လုံးနှင့် ဦးမဲလုံး၏ ယာတဲတစ်လုံးတို့ကို ဖျက်ဆီးသွားပြန်သည်။

သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်စု ကျောက်ပြားတောင်ရွာ အရှေ့ဘက်သို့ နိုဝင်ဘာ ၂၃ ရက်နေ့ညက တောဆင်ရိုင်းသုံးကောင် ထပ်မံဝင်ရောက်လာပြီး ရွာအရှေ့တောင်ခြမ်းရှိ ဦးမောင်ငယ်၏ လေးပင်သုံးပင် သွပ်မိုး ထရံကာပျဉ်ခင်း မြေစိုက်အိမ်အား ဝင်ရောက်ဖျက်ဆီးခဲ့ပြန်သည်။ တောဆင်ရိုင်းသုံးကောင်အား ရွာသူရွာသားများက အော်ဟစ်သံပုံးတီး ခြောက်လှန့်လိုက်ရာ အရှေ့ဘက်တောထဲသို့ ဝင်ရောက်သွားသည်။ ပတ်ဝန်းကျင်နေလူအချို့ကလည်း တောဆင်ရိုင်းမဟုတ်ဘဲ သစ်ဆွဲဆင်များဖြစ်ပြီး ပိုင်ရှင်များက ဆင်စာမကျွေးနိုင်၍ တောထဲလွှတ်ထားခြင်းဖြစ်သည်ဟု ပြောဆိုနေကြကြောင်း သိရှိရသည်။ (၁၁၁)

## တရုတ်မင်းသမီး တန်ဝေ ကိုရီးယားနိုင်ငံတွင် ကျင်းပမည့် Blue Dragon ရုပ်ရှင်ဆုပေးပွဲ တက်ရောက်မည်

**အေဝမ်းစိုး**

တရုတ်မင်းသမီးတန်ဝေသည် ယခုသီတင်းပတ်အတွင်း ကိုရီးယားနိုင်ငံတွင် ကျင်းပမည့် (၃၂)ကြိမ်မြောက် Blue Dragon ရုပ်ရှင်ဆုပေးပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

မင်းသမီး တန်ဝေ၏ ရုပ်ရှင်ထုတ်လုပ်ရေး တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၂၃ ရက်က ထုတ်ဖော်ပြောကြားရာတွင် မင်းသမီး တန်ဝေသည် ယင်းနေ့ နှောင်းပိုင်းတွင် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်ရှိ ကျောင်ဟီးအနုပညာ တက္ကသိုလ်၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် Blue Dragon ရုပ်ရှင်ဆုပေးပွဲသို့ တက်ရောက်မည်ဟု ဆိုသည်။

တရုတ်မင်းသမီး တန်ဝေသည် ယင်းဆုပေးပွဲသို့ တက်ရောက်ပြီး ရက်သတ္တပတ်အကုန်တွင် တရုတ်နိုင်ငံသို့ ချက်ချင်းပြန်လာမည်ဟု အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

မင်းသမီးတန်ဝေသည် Blue Dragon ဆုပေးပွဲတွင် ကိုရီးယားမင်းသား ဟွန်ဘင်နှင့် တွဲဖက်သရုပ်ဆောင်ထားသည့် Late Autumn ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆုအတွက် အမည်စာရင်း တင်သွင်းခံထားရသည်။

တန်ဝေသည် အဆိုပါဆုအတွက် Blind ဇာတ်ကားမှ မင်းသမီးဟာန်ဂျူလ်၊ Widow and Villain ဇာတ်ကားမှ မင်းသမီးကင်ဟေးဆို၊ The Crucibles ဇာတ်ကားမှ ဂျန်ယူမီနှင့် The Petty Love Affair ဇာတ်ကားမှ ချိုကန်



ဟီးတို့နှင့် အပြိုင်အဆိုင်ဖြစ်နေသည်။

***အင်တာနက်။***



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်စုပြည်နယ် နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်ဥက္ကဋ္ဌ Ms. Zhang Lianzhen နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား ကျန်စုပြည်နယ် နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်ဥက္ကဋ္ဌ တွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်စုပြည်နယ် နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်ဥက္ကဋ္ဌ Ms. Zhang Lianzhen ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ တိုင်းဒေသကြီးဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု ဆောင်ရွက်မည်

**နေပြည်တော် နိုဝင်ဘာ ၂၅**

တစ်မျိုးသားလုံး ကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်ရေးအတွက် အားကစားနှင့်ကာယပညာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားကစားလုပ်ငန်းများကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အားကစားကို ပြည်သူလူထုအတွင်း စိတ်ပါဝင်စားလာစေရန်အတွက် လူထုအားကစားလှုပ်ရှားမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှုများကို နေပြည်တော်၌ အားကစားဝန်ကြီးဌာနက ဦးဆောင်၍ အပတ်စဉ် စနေနေ့များဖြစ်သည့် ဒီဇင်ဘာ ၃ ရက်၊ ၁၀ ရက်၊ ၁၇ ရက်၊ ၂၄ ရက်နှင့် ၃၁ ရက်တို့တွင် မြို့မဈေး စုရပ်မှ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အထိ လူထုလမ်းလျှောက်ပွဲများကို ကျင်းပရန် စီစဉ်ထားရှိပြီး ဖြစ်သည်။

အဆိုပါ လူထုလမ်းလျှောက်ပွဲများသို့ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ အားကစားဝါသနာရှင်ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ ခန့်မှန်းအင်အား ၅၀၀၀ ခန့် အပတ်စဉ် ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ကုန်းဘောင်ခေတ် ငွေခေါင်းပွဆင်းတုများအား အပ်နှံလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပဲခူးမြို့နယ် ကျိုက်ဒေးယျုံကျေးရွာရှိ ကျိုက်ဒေးယျုံဘုရားရင်ပြင်တော်အားပြုပြင်ရန် စက်တင်ဘာ ၂၁ ရက်တွင် မြေသားပြင်ဆင်ရေးလုပ်ငန်းဆောင်ရွက်စဉ် စေတီအနောက်မြောက်ထောင့်ပစ္စယံ၏အခြေအနက်တစ်ပေခန့်တွင် မြေအိုးတစ်လုံးအတွင်းမှ ငွေခေါင်းပွ ဆင်းတု ၃၄ ဆူ၊ စေတီတော်အရှေ့ဘက်ရင်ပြင် အုတ်ခုံအစပ် မြေသပိတ်ကွဲအတွင်းမှ ငွေခေါင်းပွဆင်းတု ၁၂ ဆူနှင့် ကြေးသတ္တုဌာနဆင်းတုများ တွေ့ရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါဆင်းတုများအား ကျိုက်ဒေးယျုံဆရာတော် ဦးဇနက က ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီတွင် ကျိုက်ဒေးယျုံစေတီတော်၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်၊ မြို့နယ်သံဃနာယကဆရာတော်၊ ကျိုက်ဒေးယျုံဆရာတော်အပါအဝင် ဆရာတော်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး၊ မြို့မိမြို့ဖများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

အပ်နှံပွဲတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်းက ယခုအပ်နှံသော ဆင်းတုတော်များအနက် ၄၆ ဆူသည် ကုန်းဘောင်ခေတ်လက်ရာ ငွေထည်ခေါင်းပွဆင်းတုတော်များဖြစ်၍ သမိုင်းတန်ဖိုးကြီးမားကြောင်း၊ ယင်းဆင်းတုတော်များကို မကြာမီဖွင့်လှစ်မည့် အမျိုးသားပြတိုက်(နေပြည်တော်) ခေတ်အလိုက် ပြခန်းများတွင် ပြသရန် စီစဉ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၁၁ ခုနှစ် အကြိမ်(၅၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန်(တောင်ကြီး)၌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဂ)အသင်းကို ခြောက်ဂိုး-သုံးဂိုး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းနှင့်အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ဂ) အသင်းတို့သည် ဂိုးမရှိသရေဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(က)အသင်းက အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းကို သုံးဂိုး-ဂိုးမရှိ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ဃ) အသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းကို ကိုးဂိုး-သုံးဂိုးဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းတို့သည် တစ်ဖက် နှစ်ဂိုးစီသရေဖြင့် လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန်(တောင်ငူ)၌ အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းကို ၁၁ ဂိုး-တစ်ဂိုး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းကို ၁၃ ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (င)အုပ်စု ရကတဇုန်(ရန်ကုန်)၌ အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ဃ)အသင်းကို လေးဂိုး-နှစ်ဂိုး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(က)အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(က)အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (စ)အုပ်စု လပခဇုန်(မန္တလေး)၌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ဂ)အသင်းက အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ဂ)အသင်းကို ငါးဂိုး-တစ်ဂိုး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥတု ရာသီ တောကို မှီ၏

# မြေပုံမြို့နယ် နောင်တော်မြစ်အတွင်း အောင်တံခွန်(၂) သင်္ဘော ကျောက်ဆောင်နှင့်တိုက်မိ၍ ဝမ်းပိုက်ပေါက်ခဲ့၊ ခရီးသည်များအား နယ်မြေခံတပ်မတော်(ရေ)မှ အချိန်မီ ကယ်တင်နိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန်(၂) သင်္ဘောသည် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ တောင်ကုတ်မြို့သို့ ထွက်ခွာလာခဲ့ရာ နိုဝင်ဘာ ၂၂ ရက် နံနက် ၄ နာရီ ၄၅ မိနစ်ခန့်တွင် မြေပုံမြို့နယ် နောင်တော်မြစ်အတွင်း အစိုင်းကြီးကျွန်းအနီး မုဆိုးမကျောက်တန်းအား ဝင်ရောက်တိုက်မိခဲ့ကြောင်း၊ သင်္ဘောဝမ်းဗိုက်ပေါက်ပြီး ရေဝင်၍ ကျောက်တန်း၌ တင်သွားကာ ဘေးအန္တရာယ်ကျရောက်လျက်ရှိကြောင်း သတင်းရရှိခဲ့သဖြင့် ကျောက်ဖြူမြို့ရှိ နယ်မြေခံတပ်မတော်(ရေ)မှ တပ်မတော်(ရေ) ရေယာဉ်သည် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အဆိုပါနေရာသို့ သွားရောက်ခဲ့သည်။

၎င်း တပ်မတော်(ရေ) ရေယာဉ်သည် အောင်တံခွန်(၂) သင်္ဘောရှိရာသို့ နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် ရောက်ရှိပြီး သင်္ဘောဖြင့်လိုက်ပါလာသည့် ခရီးသည် ၁၉၇ ဦးအား ရေယာဉ်ပေါ်သို့ ပြောင်းရွှေ့သယ်ဆောင်ခဲ့ကြောင်း၊ ထို့ပြင် အခြားရေယာဉ်တစ်စင်းအား ထပ်မံစေလွှတ်၍ ဒေသခံလှေများဖြင့် ကယ်ဆယ်ခဲ့သော ခရီးသည် ၁၅၈ ဦးအား လွှဲပြောင်းလက်ခံတင်ဆောင်ကာ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကယ်ဆယ်ရရှိခဲ့သော ခရီးသည်များအား ကျောက်ဖြူမြို့ရှိ တပ်မတော်(ရေ)မှ တာဝန်ရှိသူများက ဌာနဆိုင်ရာအဖွဲ့အစည်းများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် နယ်မြေခံ တပ်မတော်(ရေ)မှ တာဝန်ရှိသူများသည် အောင်တံခွန်(၂) ရေယာဉ်အနီး၌ အခြေပြု၍ ရေယာဉ်အမှုထမ်းများအား လိုအပ်သော ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပြီး ရေယာဉ်ပျက်စီးမှုထိန်းသိမ်းရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အီဒန်ဟာဇက်ဒ်ကို ခေါ်ယူလိုလျှင် ပေါင် ၄၃ သန်းပေးရမည်

**လန်ဒန် နိုဝင်ဘာ ၂၅**

လိုင်လီအသင်းက ၎င်းတို့၏ ကွင်းလယ်ကြယ်ပွင့် အီဒန်ဟာဇက်ဒ်ကို ခေါ်ယူလိုပါက ပေါင် ၄၃ သန်းပေးရမည် ဖြစ်ကြောင်း ဈေးခေါ်လိုက်သည်။

ဘယ်လ်ဂျီယံနိုင်ငံသား အသက် (၂၀)အရွယ် ဟာဇက်ဒ်အား ခေါ်ယူနိုင်ရန် အာဆင်နယ်၊ ချယ်လ်ဆီး၊ ရီးယဲလ်မက်ဒရစ်နှင့် အင်တာမီလန်အသင်းတို့ အပြိုင်ကြိုးပမ်းလျက်ရှိသည်။

လိုင်လီအသင်းဥက္ကဋ္ဌ မိုက်ကယ်ဆီးဒေါက်က မိမိတို့ခေါ်သည့်ဈေးမှာ မများပြားဟု ထင်မြင်ကြောင်း၊ အရည်အချင်း ရှိသူတစ်ယောက်အတွက် ဤငွေပမာဏမှာ ထိုက်တန်ကြောင်း၊ ထို့ကြောင့် ခေါ်ယူလိုသည့်အသင်းများအနေဖြင့် ဈေးနှုန်းကို ကြည့်မနေသင့်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**အင်တာနက်။**



# ပီအက်စ်ဂျီအသင်းနှင့် ဒေးဗစ်ဘက်ခမ်း လက်တွဲတော့မည်

**ပါရီ နိုဝင်ဘာ ၂၅**

လာမည့်ဒီဇင်ဘာလအတွင်း အယ်လ်အေဂလက်ဆီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဒေးဗစ်ဘက်ခမ်းသည် ပြင်သစ်ကလပ်ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်း အားကစားအမှုဆောင် လီယိုနာဒိုက မိမိတို့ဘက်ခမ်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ၎င်းနှင့် မိမိတို့မှာ အေစီမီလန်၌ရှိစဉ်က အတူတွဲလုပ်ဖူးကြောင်း၊ ပုဂ္ဂိုလ်ရေးအရလည်း ခင်မင်ရင်းနှီးကြောင်း၊ ၎င်း၏ အပြောင်းအရွှေ့အတွက် ပေါင် ၁၁ ဒသမ ၆ သန်းတန်ဖိုးရှိ ၁၈ လစာချုပ်ဖြင့် ကမ်းလှမ်းခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**အင်တာနက်။**

# တီဗက်ဇ်အား ခေါ်ယူရန် အေစီမီလန်အသင်း ကမ်းလှမ်း

**မန်ချက်စတာ နိုဝင်ဘာ ၂၅**

မန်စီးတီးတိုက်စစ်မှူး ကာလို့စ်တီဗက်ဇ်အား ခေါ်ယူရန် အေစီမီလန်အသင်းက ကမ်းလှမ်းခဲ့ကြောင်း သိရသည်။ အေစီမီလန်အသင်းသည် ၎င်းအား ပေါင် ၂၅ သန်းမှ ပေါင် သန်း ၃၀ ဝန်းကျင်ဖြင့် ခေါ်ယူမည်ဟုဆိုသည်။

တီဗက်ဇ်သည် အသင်း၏ခွင့်ပြုချက်မရရှိဘဲ အပြင်ထွက်မှုကြောင့် နည်းပြ မန်စီနီနှင့် မကျေမလည်ဖြစ်နေသူဖြစ်သည်။ သို့သော် မန်စီးတီးအသင်းက ၎င်း၏ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၄၀ သတ်မှတ်ထားသည်။

အေစီမီလန်သင်းသည် အသင်းမှ တိုက်စစ်မှူးကာဆာနိုနှင့် ပါတိုတို့မှာ ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်နေရသဖြင့် ယခုလာမည့် အပြောင်းအရွှေ့ကာလအတွင်း တိုက်စစ်မှူးတစ်ယောက် မဖြစ်မနေခေါ်ယူလိုနေသည်။ ထို့ကြောင့် ကြံ့ခိုင်မှုအပြည့်ရှိပြီး တိုးအားကောင်းသော အသက် (၂၇)နှစ်အရွယ် တီဗက်ဇ်ကိုခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

**အင်တာနက်။**

ဟိန်းထက်လင်း

**နိုဝင်ဘာ ၇ ရက်က ရန်ကုန်မြို့ အင်းလျားရိပ်သာလမ်းရှိ သီရိသုမေ့သိင်္ဂီ ဒေါ်မြရင် (မြသီရိဆေးတိုက်)က ပဲခူးခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် တတိယအကြိမ် ငွေကျပ် ၃၁၈၁၅၀ တန်ဖိုးရှိ သုတ ရသ စာအုပ်စာစောင်၊ မဂ္ဂဇင်း ၆၁၁ အုပ်နှင့် DVD,VCD တရားခွေများလှူဒါန်းပွဲကို မြသီရိခြံ၌ ကျင်းပရာ ပဲခူးခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်တင်တင်ဦး လက်ခံစဉ်။** (ခရိုင်ပြန်/ဆက်)



## မီးဖိုမီးကြွင်းအား သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမှတစ်ဆင့် မီးလောင်မှုများဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch)တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။

(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံးအပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

**မီးသတ်ဦးစီးဌာန**

# ဗုဒ္ဓမြတ်စွယ်တော် ရန်ကုန်မြို့၌ ဆက်လက်အပူဇော်ခံလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ စတုတ္ထနေ့အဖြစ် အပူဇော်ခံလျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော်အား ယနေ့နံနက်ပိုင်းမှ ညပိုင်းအထိ ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဝိဇယမင်္ဂလာဓမ္မသဘင်၌ အလှူခံဌာနဖွင့်လှစ်ထားရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ဇနီး ဒေါ်မြင့်မြင့်စိုး မိသားစုက ငွေကျပ် သုံးသိန်းသုံးသောင်း၊ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အရှင်ကုဏ္ဍဗိုဒ္ဓိဗလနှင့် တပည့်များက ငွေကျပ်ငါးသိန်းငါးသောင်းရှစ်ထောင်၊ ရန်ကုန်မြို့နေ ဖိုးလပြည့်က အမေရိကန်ဒေါ်လာ ၃၀၀၊ ဗိုလ်ချုပ်သိန်းနိုင်-ဒေါ်ခင်ပြုံးရွှေ မိသားစုက အမေရိကန်ဒေါ်လာ ၅၁၃၊ ဦးကြိုင်စန်းရွှေ-ဒေါ်ခင်ဝင်းစိန် မိသားစုက ငွေကျပ် တစ်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး(ငြိမ်း)-ဒေါ်ခင်နှင်းဝေ မိသားစုက ငွေကျပ်ငါးသိန်း၊ [ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို(ငြိမ်း)] - ဒေါ်ခင်လေးမြင့် မိသားစုက ငွေကျပ်နှစ်သိန်း၊ နိုင်ငံတော်သမ္မတ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်-သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်တင်ဝေ မိသားစုက ငွေကျပ်နှစ်သိန်း အပါအဝင် ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင် ၁၁၁ ဦးက ယနေ့လှူဒါန်းကြပြီး တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရွှေငွေကျောက်မျက်ရတနာ လှူဒါန်းမှုအနေဖြင့် သီပေါမြို့နေ ဦးကျင်စိန်-ဒေါ်သိန်းတန် မိသားစုက ငွေကျပ် ၄၂၀၀၀၀ တန်ဖိုးရှိ နီလာကြယ်သီး ငါးလုံး၊ မန္တလေးမြို့ ဒေါင်းရိုးရပ် (၂၉)လမ်းနေ ဦးပေါ-ဒေါ်အုန်းခင် မိသားစုက ငွေကျပ် ၃၂၀၀၀၀ တန်ဖိုးရှိ ကျောက်နီကြယ်သီးငါးလုံး၊ ဦးမြင့်ညဏ်-ဒေါ်ခင်ညွန့်ညွန့်ထွန်း မိသားစုက ငွေကျပ် ၆၂၅၀၀၀ တန်ဖိုးရှိ ကျောက်ဖြူ ၁၀ ပွင့်စီပါ ရွှေကြယ်သီးငါးလုံး၊ ဦးသစ်လွင်-ဒေါ်လှညွန့်ရီ မိသားစုက စိန်ရှစ်ပွင့်စီပါ ရွှေနားကပ်တစ်ရန် အပါအဝင် အလှူရှင် ၁၄၄ ဦးတို့က လာရောက်လှူဒါန်းကြသည်။

နိုဝင်ဘာ ၂၄ ရက် ညနေပိုင်းမှ ယနေ့ညနေ ၆ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေကျပ် ၇၁၀၄၃၆၄၁၊ ရွှေငွေကျောက်မျက်ရတနာမျိုးစုံ ၁၄၄ ခု တန်ဖိုး ငွေကျပ် ၁၆၂၁၄၈၈၀၊ အမေရိကန်ဒေါ်လာ ၁၉၁၈၊ ယူရို ၅ နှင့် စင်ကာပူဒေါ်လာ ၂၅ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ အပူဇော်ခံလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုကြစဉ်။ (သတင်းစဉ်)

## ဦးတင်ဦးအပါအဝင် ပုဂ္ဂိုလ် ၂၁ ဦးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ တည်ထောင်လိုကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထား

### နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၅

နိုင်ငံရေးပါတီ တည်ထောင်လိုသူများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားခွင့်ရှိကြသည်နှင့်အညီ ယနေ့တွင် ဦးတင်ဦးအပါအဝင် ပုဂ္ဂိုလ် ၂၁ ဦးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့် ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားသည်။

(သတင်းစဉ်)

## သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသဖြင့် လောပိတ-တောင်ငူ မဟာဓာတ်အားလိုင်း တာဝါတိုင်တစ်တိုင် ချို့ယွင်းပျက်စီးသွားခဲ့သော်လည်း ဓာတ်အားပြတ်တောက်မှုမရှိ

နေပြည်တော် နိုဝင်ဘာ ၂၅

နိုဝင်ဘာ ၁၉ ရက် ညနေ ၅ နာရီခွဲခန့်တွင် ၁၃၂ ကေဗွီ လောပိတ-တီကျစ် မဟာဓာတ်အားလိုင်း ချို့ယွင်းပြီး ဓာတ်အားပြတ်တောက်ခဲ့သဖြင့် နိုဝင်ဘာ ၂၀ ရက်တွင် မဟာဓာတ်အားလိုင်းမှူးရုံး (လွိုင်ကော်) အဖွဲ့က ဓာတ်အားလိုင်းတစ်လျှောက် စစ်ဆေးရာ ကယားပြည်နယ် ဒီမောဆိုမြို့နယ် ဝါပန်းပလို့ကျေးရွာ အနီး ၂၃၀ ကေဗွီ လောပိတ- တောင်ငူ မဟာဓာတ်အားလိုင်း Tension Tower တိုင်အမှတ်(၁၁၇) သည် သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် တာဝါတိုင်၏ အောက်ခြေ (၄)ချောင်း (၁၀)ပေအမြင့်မှ ပြတ်ထွက်သွားခဲ့ကြောင်း၊ သို့သော် တာဝါတိုင်ပြိုလဲခြင်းမရှိဘဲ အနည်းငယ် တိမ်းစောင်းလျက်ရှိကြောင်း၊ တာဝါတိုင်ပြိုလဲမှုမရှိသောကြောင့် ယင်းနေ့တွင်ပင် ဓာတ်အား ပြန်လည်ပို့လွှတ်နိုင်ခဲ့ကြောင်း၊ အဆိုပါ တာဝါတိုင်အား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ်ဦးစီး၍ ဝန်ထမ်း ၇၀ တို့က ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)



သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ချို့ ယွင်း သွားသော ၂၃၀ ကေဗွီ လော ပိ တ-တောင်ငူ မဟာ ဓာတ်အားလိုင်း Tension Tower တိုင် အ မှတ် (၁၁၇)ကို တွေ့ရစဉ်။

(သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

### ဒုံးလက်နက် ကာကွယ်ရေးဆွေးနွေးပွဲ ပျက်က ရုရှားနိုင်ငံက ဒုံးလက်နက်များ ဖြန့်ကြက်ဖွယ်ရှိ



နိုင်ငံတကာသတင်း စာမျက်နှာ - ၄

### ပီအက်စ်ဂျီအသင်းနှင့် ဒေးဗစ်ဘက်ခမ်း လက်တွဲတော့မည်



အားကစားသတင်း စာမျက်နှာ - ၁၀

### နိုင်ငံခြားသား ခရီးသွားများ တိုးတက်လာ၊ အဆင့်မီ ဝန်ဆောင်မှုများ လိုအပ်

“ဧည့်သည်များအား အဆင့်မီဝန်ဆောင်မှုပေးနိုင်မည့် ဟိုတယ်များ၊ တည်းခိုခန်းများ၊ စားသောက်ဆိုင်များအပြင် အဆင့်မြင့်သယ်ယူပို့ဆောင်ရေးယာဉ်များလည်း အများအပြားလိုအပ်၊ ဟိုတယ်အလုံးပေါင်း ၆၉၁ လုံးသာရှိနေပြီး အခန်းပေါင်း ၂၇၀၀၀ ကျော်သာရှိနေသေးသဖြင့် ကြိုတင်ပြင်ဆင်”

ပြည်တွင်းသတင်း စာမျက်နှာ - ၂

| ထူးခြားသည့် ညအပူချိန်များ ၂၅-၁၁-၂၀၁၁ | |
|---|---|
| ဟားခါး | ၅ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းနှင့်လွိုင်လင် | ၇ ဒီဂရီစင်တီဂရိတ်စီ |

| မှတ်သားဖွယ်ရာ မိုးရေချိန်များ ၂၅-၁၁-၂၀၁၁ | |
|---|---|
| ကော့သောင်း | သုည ဒသမ ၃၉ လက်မ |
| ဟဲဟိုး | သုည ဒသမ ၁၆ လက်မ |